HUMAN RIGHTS MYANMAR

IPCM



# မြန်မာ့ဒီဂျစ်တယ်အာဏာသိမ်းမှုအတွင်း သတင်းပရိသတ်များကို ပိတ်ဆို့နှိပ်ကွပ်ခြင်း

# မြန်မာ့ဒီဂျစ်တယ်အာဏာသိမ်းမှုအတွင်း သတင်းပရိသတ်များကို ပိတ်ဆို့နှိပ်ကွပ်ခြင်း

၂၀၂၆

## အစီရင်ခံစာအနှစ်ချုပ်


၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်ကောင်စီသည် ပြည်သူများ သတင်းမီဒီယာစာမျက်နှာများသို့ ဝင်ရောက်ကြည့်ရှုခြင်းကို အန္တရာယ်ကြီးမားသော လုပ်ဆောင်ချက်တခုအဖြစ် စနစ်တကျ ပုံဖော်ခဲ့သည်။ ၂၀၂၅-၂၆ ခုနှစ် ဟန်ပြရွေးကောက်ပွဲများမတိုင်မီနှင့် ရွေးကောက်ပွဲကာလအတွင်း မီဒီယာလွတ်လပ်ခွင့်ဆိုင်ရာ အစီရင်ခံစာတွဲများအနက် တတိယတစောင်ဖြစ်သည့် ဤအစီရင်ခံစာသည် Facebook ဒေတာအချက်အလက်ပေါင်း ၁၂ ဘီလီယံကို ခွဲခြမ်းစိတ်ဖြာထားပြီး၊ စစ်ကောင်စီ၏ အင်တာနက်ပိတ်ဆို့မှုများ၊ ကန့်သတ်မှုများနှင့် စောင့်ကြည့်ထောက်လှမ်းမှုများ၊ အင်တာနက်ဖိုး ပိုမိုဈေးကြီးလာမှုများနှင့် ပလက်ဖောင်း အယ်လ်ဂိုရစ်သမ် (algorithms) များက မီဒီယာပရိသတ်များအပေါ် မည်သို့သက်ရောက်မှုရှိသည်ကို ဖော်ထုတ်တင်ပြထားသည်။


### အဓိကရှာဖွေတွေ့ရှိချက်များ

- သတင်းစာပညာကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားသည့်တိုင်အောင် မီဒီယာလုပ်ငန်းများ၏ Facebook ပေါ်ရှိ စုစုပေါင်းထုတ်လွှင့်တင်ပြမှုသည် ၁၈% တိုးတက်လာခဲ့ပြီး စစ်အာဏာသိမ်းပြီးနောက်ပိုင်း ဒေသတွင်းမီဒီယာများ၏ ထုတ်လုပ်မှုမှာ ၁၀၈% အထိ သိသိသာသာ တိုးတက်လာခဲ့သည်။
- စနစ်တကျ သတင်းမှောင်ချပိတ်ဆို့မှုတခုအနေဖြင့် စစ်တပ်က အင်တာနက်ဖြတ်တောက်ခြင်း၊ ပိတ်ဆို့ခြင်းနှင့် အင်တာနက်ဖိုးများ တိုးမြှင့်ခြင်းတို့ကို ပြုလုပ်ခဲ့ရာ၊ ၎င်းအခြေအနေသည် ပလက်ဖောင်းများ၏ အယ်လ်ဂိုရစ်သမ် (algorithm) အပြောင်းအလဲများနှင့် ပေါင်းစပ်သွားသောကြောင့် ပြည်သူများ သတင်းမီဒီယာများသို့ဝင်ရောက်ကြည့်ရှုနိုင်မှုသည် -၄၈% အထိ ကျဆင်းသွားခဲ့သည်။

- ပြည်သူလူထုသည် စစ်ကောင်စီ၏ ဝါဒဖြန့်ချိမှုများကို ရှောင်လွှဲခဲ့ကြသဖြင့် စစ်တပ်နှင့် ဆက်နွှယ်နေသော မီဒီယာများကို ဝင်ရောက်ကြည့်ရှုမှုသည် -၇၆% အထိ ကျဆင်းသွားခဲ့ပြီး ပိုမိုလွတ်လပ်သော သတင်းတင်ပြချက်များကိုသာ ရွေးချယ်ကြည့်ရှုခဲ့ကြသည်။
- ကျယ်ပြန့်လှသော ဒီဂျစ်တယ်စောင့်ကြည့်ထောက်လှမ်းမှုများကြောင့် ပြည်သူလူထုအကြား မိမိဘာသာ ဆင်ဆာဖြတ်တောက်မှုများ အစုလိုက်အပြုံလိုက် ရှိနေသည့် လက္ခဏာတခုအဖြစ် မီဒီယာပို့စ်များအား မျှဝေခြင်းနှင့် မှတ်ချက်ပေးခြင်းတို့သည် -၆၃% နှင့် -၄၂% အထိ အသီးသီး ကျဆင်းသွားခဲ့သည်။
- ပိုမို၍ဘက်လိုက်မှုကင်းသော မီဒီယာများကို ဝင်ရောက်ကြည့်ရှုမှုသည် -၇၀% အထိ ကျဆင်းသွားပြီး၊ ပြည်သူများသည် မိမိတို့အမြင်နှင့်တူရာ အစုအဖွဲ့များအတွင်း၌သာ သတင်းအချက်အလက်များကို ပိုမိုရှာဖွေလာကြသောကြောင့် ဒီဂျစ်တယ်ကဏ္ဍရှိ အများပြည်သူဆိုင်ရာနယ်ပယ်သည် အစွန်းနှစ်ဖက်သို့ သိသိသာသာ ကွဲပြားလာခဲ့သည်။

စစ်တပ်အနေဖြင့် သတင်းမီဒီယာများကို ထိန်းချုပ်ရန် မစွမ်းဆောင်နိုင်ခဲ့သော်လည်း လူတိုင်းရရှိသင့်သည့် လူ့အခွင့်အရေးတခုကို အန္တရာယ်ကြီးမားပြီး ကုန်ကျစရိတ်များပြားသောအရာတခု ဖြစ်လာစေရန်ကိုမူ အောင်မြင်စွာ ပုံဖော်လုပ်ဆောင်နိုင်ခဲ့သည်။ ထို့ကြောင့် ဤဒစ်ဂျစ်တယ်နယ်ပယ်ကို ပြန်လည်ရယူနိုင်ရေးသည် မီဒီယာများ ရေရှည်ရပ်တည်နိုင်ရေးအတွက်သာ မကတော့ဘဲ ပြည်သူလူထု၏ သတင်းအချက်အလက် သိရှိပိုင်ခွင့်ကို ကာကွယ်စောင့်ရှောက်ရန်အတွက်ပါ မဖြစ်မနေ ခုခံရယူရမည့်အရာတခု ဖြစ်လာသည်။

This project was delivered with the support of an international donor organisation that has chosen to remain anonymous for risk management purposes.

နိဒါန်း ........ 5

သတင်းမီဒီယာများ၏ ထုတ်လွှင့်တင်ဆက်မှုနှင့် လုပ်ငန်းလည်ပတ်မှုဆိုင် ရာ ခံနိုင်ရည် ........ 7

ပြည်သူလူထု၏ သတင်းရယူနိုင်မှု ပြိုလဲပျက်စီးလာခြင်း ........ 11

ကြည့်ရှုသူပမာဏ ကျဆင်းရခြင်း၏ အကြောင်းရင်းများ ........ 14

အရေးယူခံရမည့် အန္တရာယ်ကို စိုးရိမ်သဖြင့် သတင်းပရိသတ်၏ ပါဝင်ပတ်သက်တုံ့ပြန်မှုများ လျော့နည်းတုံ့ဆိုင်းသွားခြင်း ........ 18

အယ်ဒီတာ့အာဘော် ရပ်တည်ချက်များနှင့် အစွန်းရောက်သဘောထားကွဲ လွဲမှုများ ........ 23

သတင်းများအပေါ် ပြည်သူလူထု၏ သဘောထားခံစားချက် ပြောင်းလဲ လာခြင်း ........ 28

နိဂုံး ........ 32

# နိဒါန်း

စစ်တပ်က ၂၀၂၅ ဒီဇင်ဘာလနှင့် ၂၀၂၆ ဇန်နဝါရီလအကြား ကာလခွဲကျင်းပမည့် ကတိပြုရွေးကောက်ပွဲများဖြင့် ၎င်းတို့၏ အာဏာသိမ်းမှု ရည်မှန်းချက်များကို အပြီးသတ်ရန် မကြိုးပမ်းမီ၊ ပြီးခဲ့သည့် ငါးနှစ်တာကာလပတ်လုံး လူ့အခွင့်အရေးဆိုင်ရာ ရက်စက်ကြမ်းကြုတ်မှုများ စနစ်တကျကျူးလွန်ခဲ့ပြီး ဖြစ်သည်။ မဲဆန္ဒနယ်မြေအလိုက် ကျင်းပသည့် ရွေးကောက်ပွဲများကို နိုင်ငံတကာအသိုင်းအဝိုင်းက ဟန်ပြသက်သက်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် ရှုတ်ချခဲ့ကြပြီး အာဆီယံအပါအဝင် ဒေသတွင်းအဖွဲ့အစည်းများထံမှလည်း အသိအမှတ်ပြုမှု မရရှိခဲ့ပေ။

ဤအစီရင်ခံစာတွဲများအနက် ပထမအစီရင်ခံစာတွင် စစ်တပ်က ရွေးကောက်ပွဲများမတိုင်မီ သတင်းမီဒီယာများသို့ ဝင်ရောက်ကြည့်ရှုခွင့်ကို ပိတ်ဆို့ပြီး၊ မြန်မာနိုင်ငံ၏ ဒီဂျစ်တယ်အခြေခံအဆောက်အအုံများကို မည်သို့သိမ်းပိုက်ရယူခဲ့ကြောင်း မှတ်တမ်းတင်ဖော်ပြခဲ့သည်။ ဒုတိယအစီရင်ခံစာတွင်မူ ရွေးကောက်ပွဲကာလအတွင်း ဆိုရှယ်မီဒီယာပလက်ဖောင်းများပေါ်၌ သတင်းမီဒီယာများအနေဖြင့် စနစ်တကျ ရပိုင်ခွင့်ချိုးဖောက်ခံရမှုများနှင့် မည်သို့ရင်ဆိုင်ခဲ့ရကြောင်း ဖော်ပြခဲ့သည်။

| 1 Feb '21 | 3 Feb | 5 Feb | 8 Feb | 13 Feb | 14 Feb |
| --- | --- | --- | --- | --- | --- |
| Internet, TV, and radio shut down | Facebook blocked | Twitter, Instagram blocked | 5 media banned; VPNs blocked | Media websites blocked | 1st journalist detained |

ဤအစီရင်ခံစာသည် ၂၀၂၁ ခုနှစ် အာဏာမသိမ်းမီကာလနှင့် အငြင်းပွားဖွယ်ရာ ရွေးကောက်ပွဲများကျင်းပခဲ့သည့် ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ ၂၀၂၆ ခုနှစ် ဇန်နဝါရီလအထိ ကာလတို့ကို နှိုင်းယှဉ်ကာ Facebook ပေါ်ရှိ သတင်းမီဒီယာများ၏ အခြေအနေကို စောင့်ကြည့်မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။ ၎င်းအစီရင်ခံစာတွင် အာဏာသိမ်းမှုကြောင့် ဖြစ်ပေါ်လာသည့် သက်ရောက်မှုများနှင့်အတူ မီဒီယာများ၏ ကြံ့ကြံ့ခံရင်ဆိုင်နိုင်စွမ်းတို့ကို ယှဉ်တွဲခွဲခြမ်းစိတ်ဖြာထားသည်။ အစီရင်ခံစာ၏ ရှေ့ပိုင်းကဏ္ဍများတွင် သက်ရောက်မှုများ၏ အတိုင်းအတာနှင့် အတိမ်အနက်ကို နားလည်သဘောပေါက်စေရန် အဓိကထားဖော်ပြထားပြီး၊ နောက်ပိုင်းကဏ္ဍများတွင်မူ မတူညီသော သက်ရောက်မှုပုံစံအမျိုးမျိုးကို ပိုမိုအသေးစိတ် ချဉ်းကပ်လေ့လာထားသည်။

တွေ့ရှိချက်များကို နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပဋိညာဉ် (ICCPR) ၏ ပိုဒ်မ ၁၉ ပါ စံနှုန်းများ၊ သတင်းထောက်များ၏ ဘေးကင်းလုံခြုံရေးနှင့် ကျူးလွန်သူများ ပြစ်ဒဏ်မှကင်းလွတ်နေခြင်းဆိုင်ရာ ကုလသမဂ္ဂ လုပ်ငန်းစီမံချက် (UN Plan of Action on the Safety of Journalists and the Issue of Impunity) ကဲ့သို့သော နိုင်ငံတကာ အစီအစဉ်များအပေါ် အခြေခံထားသည်။ အဆိုပါ စံနှုန်းများအပေါ်

အခြေခံကာ မြန်မာပြည်သူများအနေဖြင့် Facebook ပေါ်တွင် သတင်းအချက်အလက်များကို ရှာဖွေခြင်း၊ လက်ခံရရှိခြင်းနှင့် ပြန်လည်ဖြန့်ဝေခြင်းဆိုင်ရာ ၎င်းတို့၏ သတင်းအချက်အလက်အခွင့်အရေးကို မည်သည့် အတိုင်းအတာအထိ ကျင့်သုံးနိုင်သည်ကို ဆန်းစစ်သုံးသပ်ထားခြင်း ဖြစ်သည်။ ဤရှုထောင့်မှနေ၍ စစ်တပ်နှင့် ကမ္ဘာလုံးဆိုင်ရာ နည်းပညာကုမ္ပဏီကြီးများ၏ လုပ်ဆောင်ချက်များသည် နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများကို မည်မျှအထိ လိုက်နာစောင့်ထိန်းမှု ရှိမရှိကိုပါ ဤအစီရင်ခံစာက တွက်ချက်အကဲဖြတ်ထားသည်။

## သုတေသနနည်းပညာ

စစ်တပ်မှ ကျူးလွန်သည့် သတင်းမှောင်ချပိတ်ဆို့မှု၏ သက်ရောက်မှုကို နားလည်သဘောပေါက်စေရန် ကျွန်ုပ်တို့သည် Facebook ပေါ်ရှိ သတင်းမီဒီယာအခင်းအကျင်းကို ကာလရှည်စောင့်ကြည့်လေ့လာမှုတခု ပြုလုပ်ခဲ့သည်။ ကျွန်ုပ်တို့သည် ၂၀၂၁၊ ၂၀၂၅ နှင့် ၂၀၂၆ ခုနှစ်များအတွင်း ရွေးချယ်ထားသော သတင်းဌာန (၅၀) ၏ နမူနာအချက်အလက်များမှ ဒေတာအမှတ်ပေါင်း ၁၂ ဘီလီယံကို ခွဲခြမ်းစိတ်ဖြာ လေ့လာခဲ့ခြင်း ဖြစ်သည်။

အဆိုပါ နမူနာတွင် Facebook အသုံးပြု ကြည့်ရှုသူဦးရေ အများဆုံးဖြစ်သည့် မြန်မာနိုင်ငံ၏ အကြီးဆုံး သတင်းဌာန ၁၅ ခု ပါဝင်သည်။ ကျန်ရှိသော သတင်းဌာန ၃၅ ခုကိုမူ မြန်မာ့မီဒီယာလောက၏ မတူကွဲပြားမှုများကို ကိုယ်စားပြုနိုင်ရန် သေချာစွာ ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး၊ ၎င်းတို့ထဲတွင် ဒေသတွင်းနှင့် တိုင်းရင်းသား သတင်းဌာနငယ်များ၊ အာဏာသိမ်းပြီးနောက်မှ တည်ထောင်ခဲ့သည့် မီဒီယာများ၊ နိုင်ငံပိုင်မီဒီယာများနှင့် မြန်မာနိုင်ငံတွင် "ခရိုနီမီဒီယာ" ဟု လူသိများကြသော စစ်တပ်နှင့် ပတ်သက်ဆက်နွှယ်နေသည့် သတင်းဌာနများ ပါဝင်သည်။ ထို့ကြောင့် ဤလေ့လာမှုသည် မီဒီယာကဏ္ဍတခုလုံးကို ခြုံငုံသုံးသပ်နိုင်သည့် အထွေထွေ တွေ့ရှိချက်များကို ဖော်ထုတ်ပေးနိုင်ခြင်း ဖြစ်သည်။

သတင်းမှောင်ချပိတ်ဆို့မှု၏ သက်ရောက်မှုကို တိုင်းတာရန် ကျွန်ုပ်တို့သည် အာဏာမသိမ်းမီကာလ (၂၀၂၁ ခုနှစ် ဇန်နဝါရီလ) မှ အချက်အလက်များနှင့် အငြင်းပွားဖွယ်ရာ ရွေးကောက်ပွဲများကျင်းပသည့် ကာလ ပတ်ဝန်းကျင် (၂၀၂၅ ခုနှစ် အောက်တိုဘာလမှ ၂၀၂၆ ခုနှစ် ဇန်နဝါရီလအထိ) မှ ဒေတာအချက်အလက်များကို နှိုင်းယှဉ်လေ့လာခဲ့သည်။ အဆိုပါအချက်အလက်များတွင် ပို့စ်များ (posts)၊ ဝင်ရောက်ကြည့်ရှုမှုများ (views)၊ သဘောကျနှစ်သက်မှုများ (likes)၊ မျှဝေခြင်းများ (shares)၊ မှတ်ချက်ပေးခြင်းများ (comments) နှင့် တုံ့ပြန်မှုများ (reactions) ပါဝင်ပြီး မတူညီသော မီဒီယာအမျိုးအစားများအကြား ပြောင်းလဲမှုများကို နှိုင်းယှဉ်နိုင်ရန်အတွက် ပိုင်ဆိုင်မှုစနစ်၊ တည်နေရာ၊ အယ်ဒီတာအဖွဲ့၏ ရပ်တည်ချက်၊ လုပ်ငန်းအရွယ်အစား၊ ဘက်လိုက်မှုအခြေအနေနှင့် သတင်းအမျိုးအစား စသည့် ကဏ္ဍစုံ၊ ရှုထောင့်စုံမှနေ၍ အသေးစိတ် ခွဲထုတ်စိတ်ဖြာထားသည်။

ဤအစီရင်ခံစာသည် [မြန်မာနိုင်ငံတွင် သတင်းအချက်အလက် အပြန်အလှန်ဖလှယ်ရာ၌ အဓိကအသုံးပြုနေသည့် လူမှုမီဒီယာပလက်ဖောင်း]တခုဖြစ်သော Facebook ကို အခြေခံသည့် ဒစ်ဂျစ်တယ်ကဏ္ဍရှိ အများ

ပြည်သူဆွေးနွေးငြင်းခုန်ကြရာနယ်ပယ်အပေါ် အဓိကထားလေ့လာဖော်ပြသည်။[1] စုဆောင်းရရှိထားသော အချက်အလက် (dataset) ပမာဏ၏ ကြီးမားကျယ်ပြန့်မှုသည် ဒီဂျစ်တယ်ခေတ်ရေစီးကြောင်းများကို တိုင်းတာရာတွင် စာရင်းအင်းဆိုင်ရာအရ ခိုင်မာတိကျမှုရှိသည်မှာ သေချာသော်လည်း၊ ဤတွေ့ရှိချက်များသည် အွန်လိုင်းပေါ် ရှိ ဂေဟစနစ် အခြေအနေကိုသာ ဖော်ပြခြင်းဖြစ်သောကြောင့် အွန်လိုင်းပြင်ပရှိ သတင်းမီဒီယာကြည့်ရှုနားဆင်သူ ပြည်သူလူထုတခုလုံး၏ အခြေအနေအထိပါ သက်ရောက်မှုရှိသည်ဟု ပုံသေကားချ ကောက်ချက်ချခြင်း မပြုသင့်ပေ။ ထို့ပြင် အဆိုပါအချက်အလက်များတွင် ပြည်ပရောက် ရွှေ့ပြောင်းနေထိုင်သူများနှင့် ပြည်ပတိမ်းရှောင်နေရသူများ၏ Facebook အသုံးပြုမှုများ ပါဝင်နေနိုင်သော်လည်း၊ ရရှိထားသည့် ဒေတာပမာဏ၏ ကြီးမားမှုနှင့် တသမတ်တည်းရှိမှုတို့ကြောင့် ဤကဲ့သို့ ပြည်ပအစုအဖွဲ့များ၏ ပါဝင်ပတ်သက်မှုသည် ဖြစ်ပေါ်နေသော အပြောင်းအလဲများကို အခြေခံအားဖြင့် သွေဖည်ပြောင်းလဲသွားစေခြင်း မရှိနိုင်ပါ။

## သတင်းမီဒီယာများ၏ ထုတ်လွှင့်တင်ဆက်မှုနှင့် လုပ်ငန်းလည်ပတ်မှုဆိုင် ရာ ခံနိုင်ရည်

မြန်မာ့သတင်းမီဒီယာများကို နှုတ်ပိတ်ရန် ရည်ရွယ်သည့် အကြမ်းဖက် ဖိနှိပ်မှုများ ရှိနေလင့်ကစား ၄င်းတို့သည် ခံနိုင်ရည်ရှိမှုကို သက်သေပြသခဲ့ကြသည်။ နိုင်ငံတကာဥပဒေအရ သတင်းမီဒီယာများတွင် သတင်းတင်ဆက်ပိုင်ခွင့် ရှိသော်လည်း၊ မြန်မာနိုင်ငံတွင်မူ စစ်တပ်က သတင်းစာပညာကို ရာဇဝတ်မှုတခုကဲ့သို့ သတ်မှတ်ကာ သတင်းထောက်များကို တရားစွဲဆို အပြစ်ပေးလျက်ရှိသည်။ သို့သော် ဒေတာအချက်အလက်များအရ သတင်းမီဒီယာများသည် နောက်ဆုတ်သွားခြင်း မရှိကြောင်း တွေ့ရသည်။ ထို့ပြင် ၎င်းတို့သည် ပြည်သူလူထုထံ သတင်းအချက်အလက်များ ရောက်ရှိစေရန်အတွက် လွတ်လပ်စွာ ဖော်ထုတ်ပြောဆိုခွင့်ကို ပိုမိုတိုးမြှင့်ကျင့်သုံးလာကြသည်။

### သတင်းထုတ်လွှင့်တင်ဆက်မှုတွင် အရေအတွက် တိုးတက်လာမှုများ

၂၀၂၁ ခုနှစ် အာဏာသိမ်းမှုဖြစ်ပွားပြီးကတည်းက လေ့လာထားသော သတင်းဌာန ၅၀ ခု၏ Facebook ပို့စ် စုစုပေါင်း အရေအတွက်သည် တလလျှင် ပို့စ်ပေါင်း ၁၇,၀၀၀ မှ ၂၀,၀၀၀ အထိ +၁၈% တိုးတက်လာခဲ့သည်။[2]

[1] လူမှုကွန်ရက် မီဒီယာပလက်ဖောင်းများအသုံးပြုမှု အခြေအနေကို ကိန်းဂဏန်း အချက်အလက်များဖြင့် တိတိကျကျ တိုင်းတာရန် ခက်ခဲလှသည်။ အဘယ်ကြောင့်ဆိုသော် လူမှုကွန်ရက် အသုံးပြုမှုဆိုင်ရာ ဒေတာများသည် လက်တွေ့မြေပြင်တွင် အမှန်တကယ် သို့မဟုတ် ရေရှည် စဉ်ဆက်မပြတ် အသုံးပြုနေသည့် အခြေအနေထက် သုံးစွဲနိုင်ခြေရှိသည့် ပမာဏအပေါ်တွင်သာ အခြေခံတွက်ချက်ထားသောကြောင့် ဖြစ်သည်။ ထို့ပြင် လူမှုကွန်ရက် အသုံးပြုမှုဆိုင်ရာ ဒေတာများကို ပလက်ဖောင်းများကိုယ်တိုင်က ၎င်းတို့၏ ကြော်ငြာလုပ်ငန်း အခွင့်အလမ်းများအတွက် ရည်ရွယ်၍ ထုတ်ပြန်ခြင်း ဖြစ်ရာ၊ ယင်းအချက်အလက်များသည် တိကျသေချာမှုမရှိဘဲ လွဲမှားနေနိုင်ခြေ ရှိပါသည်။

[2] ဤကိန်းဂဏန်းများသည် ထပ်တလဲလဲ တင်ခဲ့သည့် အကြောင်းအရာများကို ဖယ်ထုတ်ပြီး ညှိနှိုင်းပြင်ဆင်ထားသော အချက်အလက်များ ဖြစ်သည်။ မီဒီယာပို့စ်အားလုံး၏ ၅% ခန့်သည် ယခင်က တင်ခဲ့ဖူးသော အကြောင်းအရာဟောင်းများပင် ဖြစ်သည်။ မီဒီယာအနည်းငယ်အတွက်မူ ဤသို့ အဟောင်းပြန်တင်သည့် ပို့စ်ပမာဏသည် ၃၀% အထက်တွင် ရှိနေသည်။ လွတ်လပ်သော သတင်းမီဒီယာများအားလုံးအတွက် ဤပျမ်းမျှနှုန်းမှာ ၅% ရှိသည်။

သတင်းဌာနတခုချင်းစီ၏ ပို့စ်တင်မှု ပျမ်းမျှကိန်းသည်လည်း ၁၈၅ ခုမှ ၂၉၉ ခုအထိ +၆၄% သို့ မြင့်တက်လာခဲ့ရာ၊ ဤကဲ့သို့ တိုးတက်လာမှုသည် အရွယ်အစားကြီးမားသည့် သတင်းဌာနအနည်းငယ်အတွင်း၌သာ တွေ့ကြုံရခြင်းမဟုတ်ဘဲ၊ မီဒီယာကဏ္ဍတခုလုံး အတိုင်းအတာဖြင့် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း ပြသနေသည်။

ဤအချက်က သတင်းမီဒီယာများ၏ လုပ်ငန်းလည်ပတ်မှုများကို ကန့်သတ်ပိတ်ပင်ရန် စစ်တပ်က ကြိုးပမ်းနေလင့်ကစား မီဒီယာများသည် ၎င်းတို့၏ လုပ်ငန်းများကို မပြတ်မကွက် ဆက်လက်လုပ်ကိုင်နေကြကြောင်း ဖော်ပြနေသည်။ စစ်တပ်အနေဖြင့် သတင်းထောက်များကို ဖမ်းဆီးခြင်းနှင့် သတင်းခန်းများကို ဝင်ရောက်စီးနင်းခြင်းဖြင့် သတင်းအချက်အလက်ပြတ်တောက်အောင် ကြိုးပမ်းခဲ့သော်လည်း၊ သတင်းမီဒီယာများသည် ယခင်ကထက် ပိုမိုများပြားသော သတင်းထုတ်လွှင့်တင်ဆက်မှုများဖြင့် ထိုဟာကွက်ကို ဖြည့်ဆည်းပေးခဲ့ကြသည်။[3]

## လွတ်လပ်သောသတင်းမီဒီယာများမြင့်တက်လာမှု

စစ်တပ်၏ သတင်းမှောင်ချပိတ်ဆို့မှုများတွင် လွတ်လပ်သော သတင်းဌာနများသည် အဓိကပစ်မှတ်ထားခြင်းခံခဲ့ရသော်လည်း၊ သတင်းပို့စ်အရေအတွက် တိုးတက်လာမှုသည် ၎င်းလွတ်လပ်သောမီဒီယာတို့ကြောင့်ပင် အခြေခံအားဖြင့် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ လွတ်လပ်သော သတင်းမီဒီယာများသည် ၎င်းတို့၏ သတင်းထုတ်လွှင့်တင်ဆက်မှုများကို တလလျှင် ပို့စ်ပေါင်း ၁၂,၀၀၀ မှ ၁၆,၀၀၀ အထိ +၂၉% တိုးမြှင့်ခဲ့ကြသည်။ ယင်းသို့ တိုးတက်လာမှုတွင် သက်တမ်းရင့် လွတ်လပ်သော သတင်းဌာနများနှင့် အာဏာသိမ်းပြီးနောက်မှ အသစ်တည်ထောင်ခဲ့သည့် လူထုနွေဦး (People's Spring) ကဲ့သို့သော သတင်းဌာနများလည်း ပါဝင်သည်။ ဤအခြေအနေသည် မြန်မာနိုင်ငံတွင် ပြည်သူလူထု၏ သတင်းအချက်အလက် သိပိုင်ခွင့်ကို ဖြည့်ဆည်းပေးနေသည့် အခင်းအကျင်း၌ သိသာထင်ရှားသော အပြောင်းအလဲတခု ဖြစ်ပေါ်လာခြင်းကို ဖော်ပြနေသည်။

လွတ်လပ်သော သတင်းမီဒီယာများ၏ လုပ်ငန်းလည်ပတ်မှု အများစုကို ယခုအခါ ပြည်ပအခြေစိုက် လုပ်ကိုင်နေကြပြီး၊ ၎င်းသည် နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပဋိညာဉ် (ICCPR) က အကာအကွယ်ပေးထားသည့် "နယ်နိမိတ်များနှင့် မသက်ဆိုင်စေဘဲ သတင်းအချက်အလက်များအား ဖြန့်ဝေခြင်း" ဆိုသည့် အခြေခံမူကို လက်တွေ့သက်သေပြနေခြင်း ဖြစ်သည်။ အဆိုပါ မီဒီယာများသည် စစ်ကောင်စီ၏ မြေပြင်ရှိနယ်စပ်ထိန်းချုပ်မှုများကို ကျော်လွှားနိုင်ရန် ဒစ်ဂျစ်တယ်နည်းပညာကိရိယာများကို အသုံးပြု၍ နယ်စပ်ဖြတ်ကျော် သတင်းအချက်အလက်

[3] ဤဒေတာအချက်အလက်စုစည်းမှုသည် အဓိကအားဖြင့် သတင်းထုတ်လုပ်မှု အရေအတွက်ကို တိုင်းတာခြင်းဖြစ်ပြီး၊ သတင်းမီဒီယာများ ဆက်လက်လည်ပတ်နေခြင်း ရှိမရှိနှင့် မည်သည့်အတိုင်းအတာအထိ လည်ပတ်နေသည်ကို ညွှန်ပြနေသည်။ အဆိုပါအချက်အလက်များအပေါ် အရည်အသွေးပိုင်းဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှုကို ပြုလုပ်နိုင်သော်လည်း၊ ရရှိလာမည့် ရလဒ်များသည် အကြောင်းအရာအပေါ် ကျွမ်းကျင်သူများ၏ သုံးသပ်အကဲဖြတ်မှုလောက် ယုံကြည်စိတ်ချရမှု ရှိလိမ့်မည်မဟုတ်ပေ။

စီးဆင်းမှုစနစ်ဖြင့် လုပ်ငန်းလည်ပတ်နေကြခြင်း ဖြစ်သည်။ ၄င်းတို့၏ လုပ်ဆောင်ချက်များသည် စစ်တပ်မှ နိုင်ငံတကာဥပဒေချိုးဖောက်မှုများကို ပထဝီဝင်အနေအထား နယ်မြေကန့်သတ်ချက်များအား အသုံးချ၍ ဖုံးကွယ်မရနိုင်အောင် သက်ရောက်သေချာစေပါသည်။

**Top 10 media by post volume[4]**

| | Before the coup (Jan 2021) | 2025-6 election period |
|---|---|---|
| 1 | DVB | DVB |
| 2 | Eleven | People's Spring |
| 3 | One News Myanmar | One News Myanmar |
| 4 | Standard Times | Mizzima (Burmese) |
| 5 | Mizzima (Burmese) | Popular News Journal |
| 6 | Voice of Myanmar | Irrawaddy (Burmese) |
| 7 | Irrawaddy (Burmese) | Myanmar Press Photo Agency |
| 8 | RFA (Burmese) | Eleven |
| 9 | MRTV-4 | Khit Thit Media |
| 10 | BBC (Burmese) | STUN Magazine |

*Key:* International media, Independent media, Military-aligned media, State-owned media.

## ဒေသအခြေစိုက် သတင်းတင်ဆက်မှုများ ကျယ်ပြန့် လွှမ်းခြုံလာမှု

ပို့စ်အရေအတွက် စုစုပေါင်း မြင့်တက်လာရခြင်းမှာ စစ်ကိုင်းတိုင်းကဲ့သို့သော ဒေသများရှိ အခြေခံလူထု၏ တော်လှန်ရေးလှုပ်ရှားမှုများကို အဓိကထားဖော်ပြသည့် ဒေသတွင်းသတင်းဌာနများ တိုးပွားလာခြင်းကြောင့်လည်း တစိတ်တပိုင်း ဖြစ်သည်။ စစ်ကိုင်းတိုင်းအပါအဝင် မြန်မာနိုင်ငံ၏ ဗမာလူမျိုးအများစု နေထိုင်ရာ တိုင်းဒေသကြီးများတွင် အခြေစိုက်သည့် သတင်းဌာနများ၏ သတင်းတင်ဆက်မှုသည် +၁၀၈% အထိ တိုးတက်လာခဲ့သည်။ ကရင်နီပြည်နယ်ကဲ့သို့သော တိုင်းရင်းသားလူနည်းစုများရှိရာ ပြည်နယ်အခြေစိုက် သတင်းဌာနများ၏ သတင်းတင်ဆက်မှုသည်လည်း +၇၀% တိုးတက်လာခဲ့သည်။ ဤတိုးတက်မှုနှုန်းများသည် တနိုင်ငံလုံးသတင်းများကို ထုတ်ပြန်တင်ဆက်ပေးနေသည့် သတင်းဌာနများ၏ ပို့စ်တိုးတက်မှုနှုန်း ဖြစ်သော +၁၁% ထက် များစွာပိုမိုမြင့်မားနေသည်။

ပဋိပက္ခများနှင့် ဖိနှိပ်မှုများ ပိုမိုပြင်းထန်လာသည်နှင့်အမျှ ဒေသအခြေစိုက် သတင်းမီဒီယာများသည် ထိုဖြစ်ရပ်များ၏ သက်ရောက်မှုများကို မှတ်တမ်းတင်ရန် ပိုမိုအလေးထား လုပ်ဆောင်လာကြသည်။ စစ်တပ်

[4] Figures adjusted to account for content that was repeatedly published.

က လွတ်လပ်စွာ သွားလာခွင့်ကို ပိတ်ပင်တားဆီးပြီး ဆက်သွယ်ရေးစနစ်အားလုံးကို မကြာခဏ ဖြတ်တောက်လေ့ရှိသည့် နေရာများတွင် ဒေသတွင်းသတင်းမီဒီယာများသည် သတင်းအချက်အလက် ရရှိနိုင်မည့် အရေးပါသောရင်းမြစ်တခုအဖြစ် အသုံးဝင်နေပြီး၊ အထူးသဖြင့် ဘေးထုတ်ဖယ်ကြဉ်ခံထားရသည့် ဒေသခံလူထုအတွက် ပို၍ပင်အရေးပါလှသည်။ ၎င်းတို့သည် စစ်ကြောင်း လှုပ်ရှားမှုများ၊ စစ်ဘေးဒုက္ခသည်များအတွက် ဘေးကင်းသော သွားလာရေးလမ်းကြောင်းများနှင့် ဒေသတွင်း ကျူးလွန်ခံရသည့် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုဆိုင်ရာ သက်သေအထောက်အထားများကို အချိန်နဲ့တပြေးညီ ဖော်ပြပေးကြသည်။ ဤကဲ့သို့ မှတ်တမ်းတင်ခြင်းသည် လက်ရှိအချိန်၌ သတင်းထုတ်ပြန်ပေးရန်သက်သက်သာမကဘဲ၊ နောင်တချိန်တွင် ဥပဒေကြောင်းအရ အပြစ်ပေးအရေးယူနိုင်ရန်နှင့် လူ့အခွင့်အရေး ချိုးဖောက်ခံရသူများအတွက် တရားမျှတမှု ဖော်ဆောင်ရာတွင် အသုံးပြုနိုင်မည့် မှတ်တမ်းတိုက်တခုအဖြစ်လည်း အသုံးဝင်စေသည်။

## စစ်တပ်နောက်ခံပြု မီဒီယာများထံမှ သတင်းအချက်အလက် စီးဆင်းမှု လျော့ကျလာခြင်း

လွတ်လပ်သော သတင်းမီဒီယာများက ၎င်းတို့၏ သတင်းထုတ်လွှင့်တင်ဆက်မှုများကို ပိုမိုတိုးမြှင့် လုပ်ဆောင်လာကြသော်လည်း၊ ဖျော်ဖြေရေးနှင့် ဝါဒဖြန့်ချိရေးများကို ရောနှောဖော်ပြလေ့ရှိသည့် စစ်တပ်နောက်ခံပြု မီဒီယာများကမူ ပို့စ်တင်မှုကို လျှော့ချခဲ့ကြသည်။ နိုင်ငံပိုင် မီဒီယာများသည် ၎င်းတို့၏ ပို့စ်တင်မှုကို ၃၅% အထိ သိသိသာသာ လျှော့ချခဲ့သည်။ စစ်တပ်နှင့် ပူးပေါင်းဆောင်ရွက်နေပြီး အများစုမှာ ဖျော်ဖြေရေးအစီအစဉ်များကို ထုတ်လွှင့်နေသည့် ရုပ်မြင်သံကြားလိုင်းများဖြစ်ကြသော စစ်တပ်လိုလားသည့် မီဒီယာများသည် ၎င်းတို့၏ ထုတ်လွှင့်မှုများကို ၂% ခန့် အနည်းငယ်သာ လျှော့ချခဲ့သည်။

ယခုကဲ့သို့ ကျဆင်းသွားခြင်းသည် ပြည်သူလူထုထံ မရှိမဖြစ်လိုအပ်သော သတင်းအချက်အလက်များ၊ ဝန်ဆောင်မှုများနှင့် အုပ်ချုပ်ရေးဆိုင်ရာ နောက်ဆုံးရအခြေအနေများကို ထောက်ပံ့ဖြည့်ဆည်းပေးရန် နိုင်ငံတော်တွင် ရှိအပ်သော အပြုသဘောဆောင်တာဝန်ဝတ္တရားကို ပျက်ကွက်ခြင်းပင် ဖြစ်သည်။ နိုင်ငံတကာ စံနှုန်းများအရ နိုင်ငံတော်အနေဖြင့် ဝါဒဖြန့်ချိရေး လုပ်ငန်းများကို မလုပ်ဆောင်သင့်ပေ။သို့ရာတွင် နိုင်ငံတော်သည် တရားဝင်သတင်းအချက်အလက် ပံ့ပိုးပေးရမည့် ၎င်း၏ အခန်းကဏ္ဍကို ပျက်ကွက်ခြင်းကြောင့် အများပြည်သူအကျိုးစီးပွားနှင့် သက်ဆိုင်သည့် ကိစ္စရပ်များစွာတွင် ပြည်သူများ သတိပြုသိရှိနိုင်စွမ်း ကင်းမဲ့လာလိမ့်မည်။ ယင်းကဲ့သို့သော သတင်းအချက်အလက်များတွင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များ၊ ပညာရေးဆိုင်ရာ အခွင့်အလမ်းများနှင့် နိုင်ငံတော်က ထိန်းချုပ်ထားသည့် အခြားသော ကဏ္ဍစုံမှ အကြောင်းအရာများစွာ ပါဝင်မည် ဖြစ်သည်။


# ပြည်သူလူထု၏ သတင်းရယူနိုင်မှု ပြိုလဲပျက်စီးလာခြင်း

မြန်မာနိုင်ငံ၏ သတင်းမီဒီယာများသည် ၎င်းတို့၏ သတင်းထုတ်လွှင့် တင်ဆက်မှုများကို တိုးမြှင့်လုပ်ဆောင်လာကြသော်လည်း၊ ပြည်သူလူထုအနေဖြင့် ယင်းသတင်းအချက်အလက်များကို ရယူကြည့်ရှုနိုင်စွမ်းမှာမူ သိသိသာသာ ကျဆင်းသွားခဲ့သည်။ ဤအပိုင်းတွင် သတင်းအချက်အလက် ရယူပိုင်ခွင့်ကို ချိုးဖောက်ခြင်းအား ထင်ဟပ်နေသည့် ပြည်သူလူထုနှင့် လွတ်လပ်သော သတင်းမီဒီယာများအကြား အဆက်အသွယ် ပြတ်တောက်သွားစေရန် စစ်တပ်က နည်းလမ်းမျိုးစုံ အသုံးပြု၍ လုပ်ဆောင်ခဲ့မှုများ၏ သက်ရောက်မှုများကို တိုင်းတာတင်ပြထားသည်။

## ကြည့်ရှုအားပေးသူ ပမာဏ သိသိသာသာ ကျဆင်းသွားခြင်း

သတင်းမီဒီယာများ၏ ပို့စ်တင်မှုနှုန်း မြင့်တက်လာခဲ့သော်လည်း စစ်အာဏာသိမ်းပြီးနောက်ပိုင်း အကြောင်းအရာများကို အမှန်တကယ် မြင်တွေ့ရသည့် လူဦးရေပမာဏ သို့မဟုတ် စုစုပေါင်း "ကြည့်ရှုသူထံ ရောက်ရှိမှုနှုန်း" (reach) မှာ သိသိသာသာ ကျဆင်းသွားခဲ့သည်။ လေ့လာထားသည့် သတင်းဌာန ၅၀ ၏ စုစုပေါင်းကြည့်ရှုသူထံ ရောက်ရှိမှုနှုန်းသည် စစ်အာဏာမသိမ်းမီက တလလျှင် ကြည့်ရှုမှုအကြိမ်ရေ (views) ၄.၇ ဘီလီယံ ရှိခဲ့ရာမှ ၂၀၂၆ ခုနှစ်တွင် ၂.၄ ဘီလီယံအထိ -၄၈% ခန့် ကျဆင်းသွားခဲ့သည်။ ပို့စ်တခုချင်းစီ၏ ပျမ်းမျှကြည့်ရှုမှုအကြိမ်ရေမှာမူ ၂၇၄,၅၁၈ ကြိမ်မှ ၁၂၁,၅၈၉ ကြိမ်အထိ -၅၆% ခန့် ရှိလာပြီး ပိုမိုထိုးစိုက်ကျဆင်းသွားခဲ့သည်။


ယခုကဲ့သို့ အကြီးအကျယ် ကျဆင်းသွားခြင်းသည် ကြည့်ရှုသူလူထု၏ အလေ့အထများ သဘာဝအလျောက်ပြောင်းလဲသွားခြင်းကြောင့် မဟုတ်ဘဲ၊ သတင်းအချက်အလက် စီးဆင်းမှုလမ်းကြောင်းတွင် ကြီးမားသောအဟန့်အတားများ ရှိနေကြောင်းကို ညွှန်ပြနေသည်။ ၎င်းသည် ပြည်သူလူထု၏ အချိုးအစားအတော်များများမှာ ၎င်းတို့၏ လူနေမှုဘဝနှင့် ဘေးကင်းလုံခြုံရေးအတွက် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် မရှိမဖြစ်လိုအပ်သော အရေးကြီးသတင်းအချက်အလက်များကို ရယူကြည့်ရှုနိုင်စွမ်း မရှိတော့သည့် အခြေအနေကို ဖော်ပြနေခြင်းလည်း ဖြစ်သည်။ ထို့ပြင် ရွေးကောက်ပွဲကာလအတွင်း သတင်းအချက်အလက် ရယူပိုင်ခွင့်များ သိသာထင်ရှားစွာ ဆုံးရှုံးရခြင်းသည် ပြည်သူများ၏ မဲဆန္ဒရှင်အခွင့်အရေးများ ဆုံးရှုံးနစ်နာမှုအပေါ် စိုးရိမ်ပူပန်မှုများကို မြင့်တက်စေပြီး၊ လွတ်လပ်ပြီး တရားမျှတသော လုပ်ငန်းစဉ်တခု၏ အခြေခံအုတ်မြစ်ကိုလည်း ပျက်ပြားစေသည်။




### စစ်တပ်နောက်ခံပြု မီဒီယာများ၏ ကြည့်ရှုသူထံ ရောက်ရှိမှုနှုန်း အကြီးအကျယ် ကျဆင်းသွားခြင်း

ကြည့်ရှုသူထံ ရောက်ရှိမှုနှုန်း ကျဆင်းသွားခြင်းသည် မီဒီယာဌာနအများစုအပေါ် သက်ရောက်မှုရှိခဲ့သော်လည်း ထိုသက်ရောက်မှုမှာ တပြေးညီတော့ မဟုတ်ပေ။ နိုင်ငံပိုင် မီဒီယာများနှင့် စစ်တပ်လိုလားသည့် မီဒီယာများ အပါအဝင် စစ်တပ်နောက်ခံပြု မီဒီယာများသည် ၎င်းတို့၏ ကြည့်ရှုသူထံ ရောက်ရှိမှုနှုန်း -၇၆% အထိ သိသိသာသာ ကျဆင်းသွားသည်ကို ကြုံတွေ့ခဲ့ရသည်။ ကြည့်ရှုသူအရေအတွက် အမြောက်အမြား ဆုံးရှုံးသွားခြင်းကို Channel 9 Myanmar တွင် -၉၉% ၊ Eleven တွင် -၈၄% နှင့် MRTV-4 တွင် -၆၂% အသီးသီး ကျဆင်းသွားခဲ့သည့် သာဓကများက ထင်ရှားစွာ သက်သေပြနေသည်။

နိုင်ငံပိုင် မီဒီယာများနှင့် စစ်တပ်လိုလားသည့် မီဒီယာများသည် ဝါဒဖြန့်ချိရေးများနှင့် သတင်းမှားများဖြင့် ပြည့်နှက်နေသော်လည်း၊ စစ်တပ်အနေဖြင့် ပြည်သူလူထု၏ အကျိုးစီးပွားနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ပြည်သူများထံ အသိပေး သတင်းထုတ်ပြန်ရန် တာဝန်ရှိနေဆဲဖြစ်သည်။ ဝါဒဖြန့်ချိရေးကိုသာ ဦးစားပေး လုပ်ဆောင်ခြင်းအားဖြင့် စစ်တပ်သည် ခိုင်လုံပြီး ဆီလျော်မှုရှိသော သတင်းအချက်အလက်များကို ပြည်သူလူထုမှ ရယူကြည့်ရှုရန် ကြိုးပမ်းအားထုတ်ရာတွင် စိတ်ပျက်အားလျော့စေသည်။ ပိုမိုကျယ်ပြန့်သော သက်ရောက်မှုအနေဖြင့် နိုင်ငံတော်က ထုတ်ပြန်သည့် မည်သည့် တိကျမှန်ကန်သော သတင်းအချက်အလက် မဆို ကြည့်ရှုသူထံ ရောက်ရှိမှုနှုန်း ပိုမိုနည်းပါးသွားမည့် ရလဒ်ကိုလည်း ကြုံတွေ့ရနိုင်သည်။




## သတင်းပျံ့နှံ့အားနှင့် အရည်အသွေးမြှင့်တင်မှုတို့ဖြင့် ကြည့်ရှုသူကျဆင်းမှုကို တုံ့ပြန်ဖြေရှင်းခြင်း

လွတ်လပ်သော မီဒီယာများ၏ ကြည့်ရှုသူပမာဏပါ ကျဆင်းမှုရှိခဲ့သော်လည်း စစ်တပ်နောက်ခံပြု မီဒီယာများလောက်မူ များပြားခြင်းမရှိခဲ့ပေ။ ၎င်းတို့အနေဖြင့် ကြည့်ရှုသူထံ ရောက်ရှိမှုနှုန်း ပျမ်းမျှ -၂၃% ခန့် ကျဆင်းမှုကို ရင်ဆိုင်ခဲ့ကြရသည်။ သို့သော် ဤပျမ်းမျှကိန်းဂဏန်းသည် မြန်မာနိုင်ငံ၏ အကြီးဆုံးနှင့် သက်တမ်းအရင့်ဆုံးသော လွတ်လပ်သည့် သတင်းမီဒီယာအများအပြားတွင် ကြုံတွေ့နေရသည့် ပြင်းထန်လွန်းသော ကျဆင်းမှုအခြေအနေကို ဖုံးကွယ်ထားသကဲ့သို့ ဖြစ်နေပြီး၊ အဆိုပါ မီဒီယာအချို့တွင် ကြည့်ရှုသူပမာဏ -၄၅% အထိပင် အကြီးအကျယ် လျော့နည်းကျဆင်းသွားခဲ့သည်။

ယခုကဲ့သို့ ကြည့်ရှုသူပမာဏ ဆုံးရှုံးသွားခြင်းသည် ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မည့် မီဒီယာများ၏ စွမ်းဆောင်ရည်ကို ထိခိုက်လျော့နည်းစေသည်။ ထို့ပြင် လွတ်လပ်သော သတင်းဌာနများသည် ဘဏ္ဍာရေးအရ ရပ်တည်နိုင်ရေးအတွက် Facebook ကဲ့သို့သော ပလက်ဖောင်းများမှ ရရှိသည့် ဝင်ငွေအပေါ် ပိုမိုမှီခိုလာရသဖြင့် ယင်းအခြေအနေသည် မီဒီယာများ ရေရှည်ရပ်တည်နိုင်စွမ်းကိုလည်း ခြိမ်းခြောက်လျက်ရှိသည်။ ဤကဲ့သို့ ကျဆင်းသွားခြင်းသည် တဖက်တွင်လည်း သန်းနှင့်ချီသော ပြည်သူလူထုအနေဖြင့် ၎င်းတို့၏ သတင်းအချက်အလက် ရယူပိုင်ခွင့်ကို အပြည့်အဝ အသုံးမချနိုင်တော့သည့် သဘောကိုပါ ညွှန်ပြနေသည်။

လွတ်လပ်သော သတင်းဌာနအနည်းငယ်မှာမူ သတင်းပျံ့နှံ့အားနှင့် အရည်အသွေးမြှင့်တင်မှု မဟာဗျူဟာများကို အသုံးပြု၍ ဤကဲ့သို့ ကျဆင်းနေသည့် အခြေအနေကို အောင်မြင်စွာ တုံ့ပြန်ကျော်လွှားနိုင်ခဲ့ကြသည်။

Myanmar Press Photo Agency သည် ၎င်း၏ စုစုပေါင်းကြည့်ရှုသူထံ ရောက်ရှိမှုနှုန်းကို +၁,၇၀၄% အထိ တိုးတက်အောင် လုပ်ဆောင်နိုင်ခဲ့ပြီး၊ ခေတ်သစ်မီဒီယာ (Khit Thit Media) သည် +၁,၃၆၅% နှင့် ကချင်ဝေ့ဗ် (Kachin Waves) ၏ ကြည့်ရှုသူပမာဏသည်လည်း +၇၈၈% အထိ မြင့်တက်လာခဲ့သည်။ အခြားသော သတင်းဌာနများဖြစ်ကြသည့် ဘီဘီစီ (မြန်မာပိုင်း)၊ ကချင်သတင်းဌာန (Kachin News Group) နှင့် မြန်မာနောင်း (Myanmar Now) တို့သည် ပို့စ်တင်မှုပမာဏ နည်းပါးသော်လည်း သက်ရောက်မှုကြီးမားစေမည့် မဟာဗျူဟာများပေါ်တွင်သာ အာရုံစိုက်လုပ်ဆောင်ခဲ့ကြပြီး၊ ပို့စ်တခုချင်းစီ၏ ပျမ်းမျှကြည့်ရှုမှုအကြိမ်ရေကို အသီးသီး ကိန်းဂဏန်းများအတိုင်း ၆၃၆,၀၀၀၊ ၄၈၇,၀၀၀ နှင့် ၄၇၅,၀၀၀ စသဖြင့် ၎င်းတို့၏ ဩဇာလွှမ်းမိုးမှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့သည်။ ကြည့်ရှုသူထံ ရောက်ရှိမှုနှုန်းသည် သတင်းဌာနအနည်းငယ်အပေါ်တွင်သာ စုပြုံနေခြင်းက မီဒီယာဇဟုဝါဒအတွက် စိန်ခေါ်မှုနှင့် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်စေနိုင်သော်လည်း၊ တဖက်တွင်လည်း လွတ်လပ်သော သတင်းတင်ဆက်မှုများအပေါ် ပြည်သူလူထု၏ တောင်းဆိုချက်သည် ဒစ်ဂျစ်တယ်စနစ်ဖြင့် ပိတ်ဆို့ဖြတ်တောက်မှုများကို ကျော်လွှားနိုင်ကြောင်း ထင်ဟပ်ပြသနေခြင်းလည်း ဖြစ်သည်။

## ကြည့်ရှုသူပမာဏ ကျဆင်းရခြင်း၏ အကြောင်းရင်းများ

မီဒီယာများ၏ ပို့စ်တင်မှုနှုန်း မြင့်တက်လာခြင်း (+၁၈%) နှင့် ကြည့်ရှုသူထံ ရောက်ရှိမှုနှုန်း ကျဆင်းသွားခြင်း (-၄၈%) အကြား ရှိနေသည့် ကွာဟချက်သည် ပြည်သူလူထု၏ သတင်းအချက်အလက် ရယူပိုင်ခွင့်အပေါ် ခြိမ်းခြောက်မှုတခုကို ကိုယ်စားပြုသည်။ ယခုကဏ္ဍတွင် မြန်မာနိုင်ငံအတွင်း သတင်းအချက်အလက် စီးဆင်းမှုကို ပိတ်ဆို့ဟန့်တားနေသည့် နည်းပညာဆိုင်ရာ၊ အယ်လ်ဂိုရစ်သမ် (algorithmic) ဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အတားအဆီးများကို ခွဲခြမ်းစိတ်ဖြာ တင်ပြထားသည်။

### စစ်တပ်၏ “ဒစ်ဂျစ်တယ်မဟာရံံစနစ်" (Great Firewall) ဖြင့် ပိတ်ဆို့ဖြတ်တောက်ခံရခြင်း

ကြည့်ရှုသူထံ ရောက်ရှိမှုနှုန်း ကျဆင်းသွားရခြင်း၏ အဓိကအကြောင်းရင်းမှာ ပြည်သူလူထု သတင်းအချက်အလက် ရယူကြည့်ရှုခွင့် မရရှိစေရန် စစ်တပ်က နည်းပညာရပ်ပိုင်းဆိုင်ရာ ကမ်ပိန်းများဖြင့် ပိတ်ဆို့ဖြတ်တောက်နေခြင်းကြောင့် ဖြစ်နိုင်သည်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်တပ်သည် အင်တာနက်လိုင်းများကို ဖြတ်တောက်ခြင်း၊ Facebook နှင့် လွတ်လပ်သော သတင်းမီဒီယာ ဝဘ်ဆိုက်များကို ပိတ်ဆို့ခြင်းတို့အား အမိန့်ပေးစေခိုင်းကာ “ဒစ်ဂျစ်တယ်မဟာရံံစနစ်” (Great Firewall) ကို စတင်တည်ဆောက်ခဲ့သည်။ အဆိုပါ ဒစ်ဂျစ်တယ်မဟာရံံစနစ်ကို ၂၀၂၅-၂၆ ရွေးကောက်ပွဲကာလအတွင်း ပိုမိုအရှိန်မြှင့်ခဲ့သည်။ ပြည်သူလူထုက ဤမဟာရံံစနစ်ကို ကျော်လွှားရန် VPN များကို အသုံးပြုလာကြသည့်အခါ စစ်တပ်က အဆိုပါ နည်းပညာသုံး

ကိရိယာများကို ထိရောက်စွာ ပိတ်ပင်တားမြစ်ခြင်းဖြင့် တုံ့ပြန်ခဲ့သည်။ ထို့ပြင် စစ်တပ်သည် မဟာရံစနစ်ကို ကျော်လွှားရန် ကြိုးပမ်းသူများကိုပါ ရာဇဝတ်မှုကြောင်းအရ အရေးယူ အပြစ်ပေးခဲ့ကြသည်။

ဤမဟာရံစနစ်သည် လူတိုင်း၏ အခွင့်အရေးကို ချိုးဖောက်နေခြင်းဖြစ်သော်လည်း အခြေခံလူတန်းစားများနှင့် ဖယ်ကျဉ်ခံထားရသည့် လူနည်းစုအုပ်စုများအတွက်မူ ပိုမိုဆိုးရွားပြင်းထန်လှသည်။ အင်တာနက်လိုင်း နှေးကွေးသည့် ကျေးလက်ဒေသများမှ ပြည်သူများ၊ ဒစ်ဂျစ်တယ်နည်းပညာ တတ်မြောက်မှု အားနည်းသူများ၊ လက်နက်ကိုင်ပဋိပက္ခဒဏ် ခံနေရသည့် လူမှုအသိုင်းအဝိုင်းများနှင့် ကဏ္ဍစုံမှ ဖိအားမျိုးစုံကို ရင်ဆိုင်နေရသည့် အမျိုးသမီးများ စသည်တို့သည် ဤမဟာရံစနစ်ကို ကျော်လွှားရန်အတွက် ပိုမိုကြီးမားသော အတားအဆီးများနှင့် ရင်ဆိုင်နေကြရသည်။ စစ်တပ်၏ ဤလုပ်ရပ်များသည် ပြည်သူလူထုထံမှ သတင်းအချက်အလက် ရှာဖွေရယူပိုင်ခွင့်ကို အဓမ္မရုပ်သိမ်းလိုက်ခြင်းဖြစ်၍ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပဋိညာဉ် (ICCPR) ၏ ပိုဒ်မ ၁၉ ကို စနစ်တကျချိုးဖောက်ခြင်းပင် ဖြစ်သည်။

## စောင့်ကြည့်ထောက်လှမ်းမှုကြောင့် ဖြစ်ပေါ်လာသည့် လူ့အဖွဲ့အစည်းအတွင်း ပျံ့နှံ့အမြစ်တွယ်လာနေသော နက်ရှိုင်းသည့် ကြောက်ရွံ့မှု

မီဒီယာများ၏ ကြည့်ရှုသူထံ ရောက်ရှိမှုနှုန်း ကျဆင်းသွားရခြင်း၏ နောက်ထပ်ဖြစ်နိုင်ခြေရှိသော အကြောင်းရင်းတခုမှာ စစ်တပ်က စောင့်ကြည့်ထောက်လှမ်းရေး နည်းပညာများကို အသုံးပြုခြင်း၊ ဖုန်းနှင့် ဒစ်ဂျစ်တယ်ကိရိယာများကို လိုက်လံစစ်ဆေးခြင်းနှင့် ယင်းနောက်ပိုင်းတွင် အင်တာနက်အသုံးပြုမှုကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ကာ အရေးယူခြင်းတို့ကြောင့် ဖြစ်သည်။ အွန်လိုင်းပေါ်တွင် စောင့်ကြည့်ခံနေရမည်ကို စိုးရိမ်ခြင်း၊ လွတ်လပ်သော သတင်းဌာနများ၏ သတင်းများကို တုံ့ပြန်ရာတွင် မိမိမည်သူမည်ဝါဖြစ်ကြောင်း ပေါ်သွားမည်ကို ပူပန်ခြင်း သို့မဟုတ် စစ်ဆေးရေးဂိတ်များတွင် VPN အပလီကေးရှင်းဖြင့် ဖမ်းမိသွားမည်ကို တွေးကြောက်ခြင်း စသည့် နားလည်ပေး၍ရသော စိုးရိမ်စိတ်များကြောင့် ပြည်သူလူထုအနေဖြင့် အွန်လိုင်းပေါ်တွင် သတင်းအချက်အလက်များကို ရယူအသုံးပြုခြင်း ရှိ၊ မရှိ နှင့် မည်သို့အသုံးပြုကြသည် ဆိုသည့် ပုံစံများကို ပြောင်းလဲပစ်လာကြသည်။

ဤကဲ့သို့သော ပတ်ဝန်းကျင်အခြေအနေသည် နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပဋိညာဉ် (ICCPR) ၏ ပိုဒ်မ ၁၇ အောက်ရှိ တသီးပုဂ္ဂလ ကိုယ်ရေးကိုယ်တာအချက်အလက် လုံခြုံခွင့်ကို မတရားသဖြင့် ဝင်ရောက်စွက်ဖက် ချိုးဖောက်ခြင်းပင် ဖြစ်သည်။ ပြည်သူလူထုအနေဖြင့် ပွင့်လင်းမြင်သာသော ဆွေးနွေးငြင်းခုံမှုများတွင် ပါဝင်ခွင့်ရမည့်အစား စောင့်ကြည့်ထောက်လှမ်းမှုများကြောင့် ဖြစ်ပေါ်လာသည့် စိုးရိမ်ကြောက်ရွံ့မှုများအောက်တွင် မိမိကိုယ်ကိုယ် ပြန်လည်ဆင်ဆာဖြတ်တောက်ခြင်းကိုသာ မလွှဲမရှောင်သာ လုပ်ဆောင်နေကြရသည်။ လူထုသည် မိမိတို့၏ သတင်းအချက်အလက် ရယူပိုင်ခွင့်နှင့် မျက်မှောက်တွင်ကြုံတွေ့နေရသော ကိုယ်ပိုင်လုံခြုံရေး လိုအပ်ချက်တို့အကြား မည်သည်ကို ဦးစားပေးရမည်နည်း ဟူ၍ ချိန်ဆနေကြရသည်။ စစ်တပ်သည် ဒစ်ဂျစ်တယ်လူထုရင်ပြင်ကို အမြဲမပြတ်

စောင့်ကြည့်ထောက်လှမ်းရာ နေရာတခုအဖြစ် ဖန်တီးလိုက်ခြင်းဖြင့် လွတ်လပ်ပြီး ပွင့်လင်းသော သတင်းအချက်အလက် စီးဆင်းမှုဝန်းကျင်အတွက် မရှိမဖြစ်လိုအပ်သည့် လုံခြုံစိတ်ချရမှု အခြေအနေကို ဖျက်ဆီးပစ်ခဲ့သည်။

## ကုန်ကျစရိတ် မြင့်မားလာခြင်းနှင့် ပလက်ဖောင်းများ၏ အရည်အသွေး "နိမ့်ကျပျက်စီးလာခြင်း"

အင်တာနက်အသုံးပြုခ ကုန်ကျစရိတ် မြင့်မားလာခြင်းသည်လည်း မီဒီယာများ၏ ကြည့်ရှုသူထံရောက်ရှိမှုနှုန်း ကျဆင်းသွားရခြင်းကို ပိုမိုဆိုးရွားစေသည့် အချက်တခုဖြစ်နေသည်မှာ သံသယဖြစ်ဖွယ်မရှိပေ။ စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်တပ်သည် ဆင်းမ်ကတ်ဝယ်ယူမှုအပေါ် အခွန်စည်းကြပ်ခြင်း၊ တယ်လီကွန်းကုမ္ပဏီများ၏ လုပ်ငန်းခွန်ကို သုံးဆအထိ တိုးမြှင့်ခြင်းနှင့် အော်ပရေတာများကို အင်တာနက်ဒေတာ ဈေးနှုန်း နှစ်ဆမြှင့်တင်ရန် အမိန့်ပေးခြင်းတို့ဖြင့် ပြည်သူများ အင်တာနက်အသုံးပြုရခက်ခဲစေရန် စရိတ်စကများကို ရည်ရွယ်ချက်ရှိရှိဖြင့် အဆမတန်ကြီးမြင့်အောင် လုပ်ဆောင်ခဲ့သည်။ ထို့ပြင် Facebook ကဲ့သို့သော အဓိက ပလက်ဖောင်းကြီးများတွင် ကြော်ငြာများ၊ အသုံးပြုသူခြေရာခံစနစ်များ၊ ဗီဒီယိုများနှင့် မရှိမဖြစ်မဟုတ်သော လုပ်ဆောင်ချက်သစ်များ ပွတ်သိပ်များပြားလာပြီး ပလက်ဖောင်း၏ "အရည်အသွေး တဖြည်းဖြည်း နိမ့်ကျပျက်စီးလာခြင်း"ကလည်း အင်တာနက်ဒေတာ ကုန်ကျစရိတ်ကို ယေဘုယျအားဖြင့် ပိုမိုမြင့်မားစေသည်။

ငွေကြေးအကန့်အသတ်ဖြင့် ရုန်းကန်နေရသည့် မြန်မာနိုင်ငံရှိ ပြည်သူများအတွက်မူ ယခုအခါ သတင်းမီဒီယာများ ဖတ်ရှုကြည့်ရှုနိုင်ရန် စရိတ်စကမှာ စစ်အာဏာမသိမ်းမီ ကာလကထက် သိသိသာသာ ပိုမိုကုန်ကျနေသည်။ စစ်တပ်၏ လုပ်ရပ်များကြောင့် စီးပွားရေးအခြေအနေ ဆိုးရွားစွာ ထိခိုက်ပျက်စီးလာရသည်နှင့်အမျှ အင်တာနက်ဒေတာ ဈေးနှုန်းများမှာလည်း ပိုမိုကြီးမြင့်လာခဲ့သည်။ ဤကဲ့သို့သော ဒစ်ဂျစ်တယ်ဆင်းရဲမွဲတေမှုသည် စီးပွားရေးအရ ဆင်ဆာဖြတ်တောက်မှု ပုံစံတခုကဲ့သို့ သက်ရောက်နေပြီး သတင်းအချက်အလက်ရှာဖွေရယူပိုင်ခွင့်ကို ငွေကြေးတတ်နိုင်သည့် လူနည်းစုအလွှာအသိုင်းအဝိုင်းထံတွင်သာ ကန့်သတ်တည်ရှိနေစေရန် ဖန်တီးထားသည်။

## အယ်လ်ဂိုရစ်သမ်များ၏ ပြဿနာရှိသော အခန်းကဏ္ဍ

လူမှုကွန်ရက် ပလက်ဖောင်းများ၏ ဆုံးဖြတ်ချက်များကလည်း မီဒီယာများ၏ ကြည့်ရှုသူထံ ရောက်ရှိမှုနှုန်း ကျဆင်းသွားရခြင်းကို ပိုမိုဆိုးရွားစေခဲ့ပုံရသည်။[5] Facebook ၏ အယ်လ်ဂိုရစ်သမ် အပြောင်းအလဲများသည် ဒစ်ဂျစ်တယ်လူထုရင်ပြင်တွင် သာမန်အသုံးပြုသူတဦးချင်းစီ၏ ကိုယ်ပိုင်အကြောင်းအရာများအား အသားပေးဖော်ပြသည့်အခြေအနေသို့ ရွေ့လျားပြောင်းလဲခဲ့ပြီး၊ ယင်းက လွတ်လပ်သော သတင်းဌာနများအား

[5] ပလက်ဖောင်းများ၏ ပွင့်လင်းမြင်သာမှု အားနည်းချက်ကြောင့် ယခုကဲ့သို့ အယ်လ်ဂိုရစ်သမ် အပြောင်းအလဲများ၏ သက်ရောက်မှုတခုတည်းကိုသာ သီးခြားခွဲထုတ် တိုင်းတာရန် မဖြစ်နိုင်ပေ။ သို့သော်လည်း ကဏ္ဍအလိုက် ခွဲခြမ်းစိတ်ဖြာထားသော အချက်အလက်များအရ မီဒီယာအမျိုးအစား အသီးသီးအပေါ် သက်ရောက်မှုပုံစံ ကွဲပြားခြားနားနေသည့်အတွက် ဤကဲ့သို့ ကျဆင်းလာရခြင်းမှာ အယ်လ်ဂိုရစ်သမ် အပြောင်းအလဲတခုတည်းကြောင့်သာ မဟုတ်ကြောင်း ထင်ရှားလှပါသည်။

ဝင်ရောက်ကြည့်ရှုမှုနှင့် သတင်းဝက်ဘ်ဆိုက်လင့်ခ်အား ကလစ်နှိပ်ကြည့်ရှုမှုနှုန်းကို ထိခိုက်စေခဲ့သည်။ မြန်မာ့သတင်းမီဒီယာလောကအတွက်မူ ဤအခြေအနေသည် နည်းပညာစနစ်၏ ဆင်ဆာဖြတ်တောက်မှု အကျပ်အတည်းကို ဖြစ်ပေါ်စေပြီး လွတ်လပ်သော သတင်းတင်ဆက်မှုများသည် စစ်တပ်၏ ဝါဒဖြန့်ချိရေး စာသားများနှင့်အတူ အဆင့်လျှော့ချခံရခြင်း၊ သို့မဟုတ် လူမမြင်အောင် အမှောင်ချကန့်သတ်ခံရခြင်းတို့နှင့် ရင်ဆိုင်နေရသည်။

စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ လမ်းညွှန်အခြေခံမူများ (UNGPs) အရ ဒစ်ဂျစ်တယ် နည်းပညာကုမ္ပဏီများတွင် မိမိတို့၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများသည် လူ့အခွင့်အရေးဆိုင်ရာ အကျပ်အတည်းများကို ပိုမိုဆိုးရွားမသွားစေရန် သေချာစွာ တာဝန်ယူဆောင်ရွက်ရမည့် တာဝန်ရှိသည်။ မြန်မာနိုင်ငံတွင် ပွင့်လင်းမြင်သာမှုရှိပြီး လူ့အခွင့်အရေးကို အခြေခံသည့် ဆုံးဖြတ်ချက်ချမှတ်မှုမျိုး မရှိခြင်းကြောင့် အယ်လ်ဂိုရစ်သမ်၏ အပြောင်းအလဲများသည် စစ်တပ်မှ သတင်းအချက်အလက်ကို ချုပ်ကိုင်ရာတွင် ပိုမိုအသာစီးရသွားစေနိုင်သည်။ ထိုအပြောင်းအလဲများသည် လူအများစိတ်ဝင်စားစေမည့် စိတ်လှုပ်ရှားဖွယ်ရာ ဖြစ်ရပ်ဆန်းများနှင့် သတင်းမှားများကိုသာ ဦးစားပေးဖော်ပြလေ့ရှိသဖြင့် ပဋိပက္ခဖြစ်ပွားနေသည့် ကာလအတွင်း ပြည်သူလူထုအနေဖြင့် အတည်ပြုပြီးသား အမှန်တရားများကို ရှာဖွေရယူနိုင်ရန် ပိုမိုခက်ခဲစေခဲ့သည်။

## အခြားပလက်ဖောင်းများကို မလွှဲမရှောင်သာ ပြောင်းရွှေ့အသုံးပြုလာရခြင်း

နည်းပညာပိုင်းဆိုင်ရာ အဟန့်အတားများ၊ စောင့်ကြည့်ထောက်လှမ်းမှုများနှင့် စီးပွားရေးအရ ကျပ်တည်းမှုများကြောင့် ပြည်သူတို့သည် Facebook ကို စွန့်ခွာပြီး သုံးစွဲခစရိတ် ပိုမိုသက်သာသည့်အပြင် စောင့်ကြည့်ခံရမှု လျော့နည်းနိုင်ချေရှိကာ ပိတ်ဆို့ခံထားရခြင်းမရှိသော အခြားပလက်ဖောင်းများသို့ မလွှဲမရှောင်သာ ပြောင်းရွှေ့အသုံးပြုနေကြရသည်။[6] ပုံမှန်အားဖြင့် ပလက်ဖောင်းတခုမှ တခုသို့ ပြောင်းရွှေ့သုံးစွဲခြင်းသည် ကျန်းမာသော ဈေးကွက်စီးပွားရေး၏ လက္ခဏာတရပ်ဖြစ်သော်လည်း မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသည့် ယခုကဲ့သို့ ဖိအားပေးတွန်းပို့ခြင်းကြောင့် ပြောင်းရွှေ့ရသည့် အခြေအနေမှာမူ အသုံးပြုသူတဦးချင်းစီအတွက်ရော၊ လူ့အဖွဲ့အစည်းတခုလုံးအတွက်ပါ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လာစေမည့် အန္တရာယ်ရှိနေသည်။

လူမှုကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းတခုချင်းစီ၏ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှု အခြေအနေမှာ သိသိသာသာ ကွာခြားလှသည်။ Facebook သည် ဝေဖန်ပြစ်တင်မှုများစွာ ကြုံတွေ့ခဲ့ရပြီးနောက် မြန်မာဘာသာစကားဖြင့် အကြောင်းအရာ စိစစ်ဖြတ်တောက်မှုအပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခဲ့ပြီး စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ လမ်းညွှန်အခြေခံမူများ (UNGPs) ကို လိုက်နာရန် တရားဝင် ကတိကဝတ်

[6] ပလက်ဖောင်း ပြောင်းရွှေ့အသုံးပြုမှု အခြေအနေကို ခြေရာခံရန် ခက်ခဲလှသည်။ အင်တာနက် အသုံးပြုမှုဆိုင်ရာ အချက်အလက်အစုအဝေးများသည် အမှန်တကယ် သို့မဟုတ် ရေရှည်တည်တံ့သော အသုံးပြုမှုအပေါ် အခြေခံထားခြင်းမဟုတ်ဘဲ အသုံးပြုနိုင်ခြေရှိသည့် ပမာဏအပေါ်တွင်သာ အခြေခံ ထားလေ့ရှိသည်။ ထို့အပြင် ပလက်ဖောင်းအသုံးပြုမှုဆိုင်ရာ အချက်အလက်အစုအဝေးများကို အမှီအခိုကင်းသော အဖွဲ့အစည်းများက ထုတ်ပြန်ခြင်း မဟုတ်ဘဲ ကုမ္ပဏီများကိုယ်တိုင်က ၎င်းတို့၏ ကြော်ငြာအခွင့်အလမ်းများအပေါ် မူတည်၍ ထုတ်ပြန်ခြင်းဖြစ်သောကြောင့် ယုံကြည်စိတ်ချရမှု မရှိ နိုင်ပေ။

ပြုထားသည်။ ဆန့်ကျင်ဘက်အနေဖြင့် အခြားရွေးချယ်စရာ ပလက်ဖောင်းအချို့တွင် အကြောင်းအရာ စိစစ်ဖြတ်တောက်မှုစနစ် လုံးဝမရှိခြင်း၊ သို့မဟုတ်ပါကလည်း အရည်အသွေးမပြည့်မီသော AI နည်းပညာသုံးကိရိယာများကိုသာ အသုံးပြုထားသည့်အပြင်၊ တရားဝင်ပြဌာန်းကတိပြုထားသော လူ့အခွင့်အရေး မူဝါဒများလည်း လုံးဝမရှိကြပေ။

ယခုကဲ့သို့ မလွှဲမရှောင်သာ ပလက်ဖောင်းပြောင်းရွှေ့အသုံးပြုရခြင်းသည် ပြည်သူလူထုကို မိမိတို့အစုအဖွဲ့အလိုက် တသီးတခြားစီ ကွဲပြားနေပြီး အပြန်အလှန် ဆက်စပ်မှုမရှိသော သတင်းအချက်အလက် အဝန်းအဝိုင်းများထဲသို့ တွန်းပို့နေသည့် အန္တရာယ်ကို ဖြစ်ပေါ်စေသည်။ လူ့အဖွဲ့အစည်းတခုတွင် အားလုံးလက်ခံနိုင်သည့် အမှန်တရားတခုမရှိတော့ဘဲ ကိုယ့်အုပ်စုအလိုက် တသီးတခြားစီ ကွဲအက်သွားသည့်အခါ ဒီမိုကရေစီနည်းကျ ပြန်လည်သင့်မြတ်ရေးနှင့် အမြင်မျိုးစုံပါဝင်သော အများပြည်သူဆိုင်ရာ နယ်ပယ်တခု ဖြစ်ထွန်းလာနိုင်ခြေမှာလည်း ပျောက်ကွယ်သွားရတော့သည်။ ဤကဲ့သို့ အစိပ်စိပ်အမွှာမွှာ ကွဲအက်ရခြင်းက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် တရားမျှတမှုတို့အတွက် ရေရှည်ပေးဆပ်ရမည့် ဆုံးရှုံးမှုတခုပင် ဖြစ်သည်။

## အရေးယူခံရမည့် အန္တရာယ်ကို စိုးရိမ်သဖြင့် သတင်းပရိသတ်၏ ပါဝင်ပတ်သက်တုံ့ပြန်မှုများ လျော့နည်းတုံ့ဆိုင်းသွားခြင်း

စစ်တပ်၏ ဖိနှိပ်ချုပ်ချယ်မှုများသည် မီဒီယာများကို ကြည့်ရှုအားပေးသူ အရေအတွက် ကျဆင်းသွားစေရုံသာမက သတင်းအချက်အလက်များအပေါ် ပရိသတ်၏ တုံ့ပြန်ပုံအလေ့အထကိုပါ ပြောင်းလဲသွားစေခဲ့သည်။ ၎င်းပြင် ခြေရာခံမိခြင်းမှ ကင်းဝေးစေရန်အတွက် ပိုမိုဘေးကင်းသော နည်းလမ်းများဖြင့် ပူးပေါင်းပါဝင်ခြင်းဆီသို့ ဦးတည်လာခဲ့သည်။ ဤကဏ္ဍတွင် အာဏာသိမ်းပြီးနောက်ပိုင်း ကြည့်ရှုသူများ၏ ပူးပေါင်းပါဝင်မှုပုံစံမည်သို့ပြောင်းလဲသွားသည်ကို ဆန်းစစ်ထားပြီး၊ မျှတမှန်ကန်သော သတင်းတင်ဆက်မှုများအပေါ် ပံ့ပိုးကူညီလိုစိတ်နှင့် စစ်တပ်၏ စောင့်ကြည့်ထောက်လှမ်းမှု အန္တရာယ်တို့အကြား တုံ့ပြန်ဆောင်ရွက်နေရသည့် အခြေအနေကို ချိန်ညှိသုံးသပ်ထားသည်။

### မီဒီယာများ၏ အခန်းကဏ္ဍအပေါ် တန်ဖိုးထား အသိအမှတ်ပြုမှု ပိုမိုမြင့်မားလာခြင်း


Facebook ပေါ် ရှိ “Like” (ကြိုက်နှစ်သက်သည်) ဟူသော ခလုတ်ကို သာမန်လူမှုကွန်ရက် အပြန်အလှန်ဆက်သွယ်မှုအဆင့်မှသည် မီဒီယာများအပေါ် ပြည်သူလူထု၏ တသားတည်းရပ်တည်မှုနှင့် ပံ့ပိုးကူညီမှုကို ပြသရာတွင် ပိုမိုအသုံးပြုလာကြသည့် ကိရိယာတခုအဖြစ်သို့ ပြောင်းလဲခဲ့သည်။ ကြည့်ရှုသူပရိသတ်ထံ ရောက်ရှိနိုင်မှုနှုန်း ကျဆင်းသွားခဲ့သော်လည်း နမူနာကောက်ယူထားသော မီဒီယာပို့စ်များအပေါ် Likes ပေးမှုနှုန်းမှာမူ +၅၂% ထိ တိုးတက်လာခဲ့သည်။ ဤကဲ့သို့ တိုးတက်လာခြင်းသည် ပရိသတ်၏ သာမန်လူမှုအလေ့အထ

ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာခြင်းမဟုတ်ဘဲ လွတ်လပ်သော မီဒီယာများအပေါ်တွင်သာ သီးသန့်နီးပါး ဦးတည်ဖြစ်ပေါ်နေခြင်းကြောင့် ဖြစ်သည်။[7] ၎င်းအခြေအနေက သတင်းအချက်အလက် ရယူသုံးစွဲခွင့်များ ကန့်သတ်ခံထားရသည့်တိုင်အောင် ယုံကြည်စိတ်ချရသော သတင်းအချက်အလက်များကို ရှာဖွေရန်နှင့် အသိအမှတ်ပြုရန်ဟူသော မိမိတို့၏ အခွင့်အရေးကို ကျင့်သုံးလိုသည့် အများပြည်သူ၏ ပြင်းပြသောဆန္ဒသည် ကြံ့ကြံ့ခံလျက် ဆက်လက်တည်ရှိနေကြောင်း ပြသနေပါသည်။

အာဏာမသိမ်းမီကာလက စစ်တပ်နှင့် ဆက်နွှယ်နေသော ဖျော်ဖြေရေးအသားပေး ရုပ်သံလိုင်းများသည် လူထုစိတ်ဝင်စားမှုနှင့် တုံ့ပြန်မှုအများဆုံး ရရှိခဲ့ကြသည်။ သို့သော်လည်း ၂၀၂၆ ခုနှစ်သို့ ရောက်ရှိလာချိန်တွင်မူ လွတ်လပ်သော မီဒီယာများ၌ Like (ကြိုက်နှစ်သက်မှု) အရေအတွက် +၁၂၆ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပြီး၊ ၎င်းသည် လက်ရှိဖြစ်ပျက်နေသော နိုင်ငံရေးနှင့် လူမှုရေးရာအကြောင်းအရာများဆီသို့ လူထု၏ စိတ်ဝင်စားမှု သိသိသာသာ ပြောင်းရွှေ့လာခြင်းကို ပြသနေပါသည်။ ထိုနည်းတူစွာပင် လွတ်လပ်သော မီဒီယာများအတွက် "ကြည့်ရှုသူဦးရေအပေါ်မူတည်၍ ကြိုက်နှစ်သက်သူဦးရေသို့ ပြောင်းလဲနှုန်း" သည် ၀.၅၈% မှ ၁.၇၀% သို့ သုံးဆအထိ မြင့်တက်လာခဲ့သည်။ [8] ဤကဲ့သို့ တိုးတက်လာမှု၏ ထင်ရှားသော သာဓကများအနေဖြင့် DVB သတင်းဌာနသည် တလလျှင် Like ရရှိမှု အရေအတွက် ၂.၂ သန်းမှ ၅.၆ သန်းအထိ (+၁၄၉ %) တိုးတက်လာခဲ့ပြီး၊ မဲခေါင်သတင်းဌာန (Mekong News) သည် +၆၅၃ % နှင့် Kachin News Group တွင် +၄၅၂ % အသီးသီး တိုးတက်လာခဲ့ကြသည်။ အထူးသဖြင့် Channel 9 နှင့် Eleven တို့တွင် Like ရရှိမှုသည် -၉၈% နှင့် -၉၁% အသီးသီးအထိ ထိုးဆင်းသွားခဲ့သည်။

[7] ကြည့်ရှုသူပရိသတ်၏ သဘာဝအလျောက် အပြုအမူပြောင်းလဲလာခြင်းမျိုးသာ ဖြစ်ပါက မီဒီယာဌာနအားလုံးအပေါ် သက်ရောက်မှုမှာ တပြေးညီ တူညီကြလိမ့်မည်ဖြစ်သည်။

[8] ကြည့်ရှုမှုအရေအတွက်အပေါ် မူတည်၍ Like ပေးသည့်အချိုးဆိုသည်မှာ ဝင်ရောက်ကြည့်ရှုမှု အရေအတွက်စုစုပေါင်းအနက် မည်မျှသော အချိုးအစားက Like ပေးခြင်းအဖြစ်သို့ ပြောင်းလဲသွားသည်ကို ပြသနေခြင်း ဖြစ်သည်။




## လူထုကြား သတင်းအချက်အလက်များ ပျံ့နှံ့ရောက်ရှိမှု ကျဆင်းသွားခြင်း

"Share" (ပြန်လည်မျှဝေခြင်း) လုပ်ဆောင်ချက်မှတဆင့် သတင်းအကြောင်းအရာများကို လူထုအတွင်း ပြန်လည်ဖြန့်ဝေမှုမှာ သိသိသာသာ လျော့နည်းကျဆင်းသွားခဲ့သည်။ အကြောင်းမှာ ပို့စ်များကို ပိုမိုကျယ်ပြန့်သော လူမှုဝန်းကျင်ဆီသို့ ပြန်လည်မျှဝေချပြခြင်းသည် စစ်တပ်၏ စောင့်ကြည့်ထောက်လှမ်းမှုအောက်တွင် ပိုမိုထင်သာမြင်သာရှိပြီး ခြေရာခံမိလွယ်စေသောကြောင့် ဖြစ်သည်။ မီဒီယာပို့စ်များကို ပြန်လည်မျှဝေမှု (Shares) အခြေအနေမှာ -၆၃% အထိ ထိုးဆင်းသွားခဲ့ပြီး၊ အာဏာမသိမ်းမီက တလလျှင် ၄.၈ သန်း ရှိခဲ့ရာမှ ၂၀၂၆ ခုနှစ်တွင် ၁.၈ သန်းအထိ လျော့နည်းကျဆင်းသွားခဲ့သည်။ ယခုကဲ့သို့ ကျဆင်းသွားခြင်းမှာ ရောက်ရှိနိုင်မှုနှုန်း (reach) လျော့နည်းသွားခြင်းကြောင့်သာမကဘဲ ပြည်သူလူထု၏ အပြုအမူပိုင်းဆိုင်ရာ ပြောင်းလဲလာမှုကြောင့်လည်း ဖြစ်သည်။ အကြောင်းမှာ "ကြည့်ရှုမှုအရေအတွက်အပေါ် မူတည်၍ ပြန်လည်မျှဝေသည့် အချိုး" သည်လည်း -၂၈% အထိ ကျဆင်းသွားခဲ့ပြီး၊ အာဏာမသိမ်းမီက ၀.၁% ရှိခဲ့ရာမှ ၂၀၂၆ ခုနှစ်တွင် ၀.၀၈% အထိ လျော့နည်းသွားခဲ့သောကြောင့် ဖြစ်သည်။[9] ကြည့်ရှုသူပရိသတ်များသည် မိမိတို့ကိုယ်တိုင် သတင်းအချက်အလက် ထုတ်ဖော်ပြသမှုကို ပိုမိုတင်းကျပ်စွာ ကန့်သတ်လာကြသည့်အတွက် ယခုအခြေအနေက သတင်းအချက်အလက် ဖြန့်ဝေခွင့်အပေါ် သိသာထင်ရှားစွာ ခြိမ်းခြောက်ဟန့်တားနေသည့် အကြောက်တရား သက်ရောက်နေကြောင်း ညွှန်ပြနေသည်။

[9] ကြည့်ရှုမှုမှတဆင့် ပြန်လည်မျှဝေမှုနှုန်း ဆိုသည်မှာ ဗီဒီယို သို့မဟုတ် စာသားများကို ကြည့်ရှုသည့် အကြိမ်ရေစုစုပေါင်းအနက် မည်မျှသော အချိုးအစားက ပြန်လည်မျှဝေခြင်း (share) အဆင့်အထိ ရောက်ရှိသွားသည်ကို ပြသခြင်း ဖြစ်သည်။

ပြန်လည်မျှဝေမှု (shares) ကျဆင်းသွားသည့် အခြေအနေမှာ မီဒီယာဌာနအားလုံးတွင် တပြေးညီ ဖြစ်ပွားခဲ့ခြင်းမျိုး မဟုတ်ပေ။ အချို့သော သတင်းဌာနများသည် ဤအခြေအနေကို ဆန့်ကျင်ကျော်လွှားနိုင်ခဲ့ကြသည်။ ဥပမာအားဖြင့် Myanmar Press Photo Agency တွင် ပြန်လည်မျှဝေမှု +၂,၀၄၁% အထိ မြင့်တက်လာခဲ့ပြီး Ayeyarwaddy Times တွင် +၃၀၃% အထိ တိုးတက်လာခဲ့သည်။ ခြုံငုံကြည့်လျှင် ပြည်သူလူထုအနေဖြင့် မိမိကိုယ်တိုင် သတင်းအချက်အလက် ထုတ်ဖော်ပြသမှုကို ပိုမိုတင်းကျပ်စွာ ကန့်သတ်လာကြသော်လည်း၊ အများပြည်သူဝန်းကျင်ဆီသို့ သတင်းအချက်အလက်များ သေချာပေါက် ရောက်ရှိစေရန်အတွက် ၎င်းတို့၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ဘေးကင်းလုံခြုံမှုအပေါ် စွန့်စားရန် အသင့်ရှိနေသေးသည့် လူထုတစိတ်တပိုင်း ရှိနေသေးကြောင်း ယင်းက ဖော်ပြနေသည်။

စစ်တပ်နှင့် ဆက်နွှယ်နေသော မီဒီယာများနှင့် နိုင်ငံပိုင် မီဒီယာများသည် ပြန်လည်မျှဝေမှုအများဆုံး ကျဆင်းသွားခဲ့ပြီး -၈၈% နှင့် -၈၅% အသီးသီးအထိ ရှိခဲ့သည်။ ယင်းအခြေအနေမှာ ပြန်လည်မျှဝေမှု -၃၈% သာ ကျဆင်းခဲ့သည့် လွတ်လပ်သော မီဒီယာများနှင့် ယှဉ်လျှင် များစွာ ပိုမိုဆိုးရွားလှသည်။ ဤကဲ့သို့ ကွာဟသွားခြင်းက စစ်တပ်၏ ဝါဒဖြန့်ချိမှုများ ပြန့်ပွားအောင် ကူညီလုပ်ဆောင်ပေးရန် အများပြည်သူက လက်ခံခြင်းမရှိဘဲ ပိုမိုငြင်းဆန်လာကြကြောင်း ဖော်ပြနေသည်။

**Top 10 Myanmar media for shares**

| | Before the coup (Jan 2021) | Change | 2025-6 election period |
|---|---|---|---|
| 1 | RFA (Burmese) | | Khit Thit Media |
| 2 | Pyi Myanmar | | DVB |
| 3 | Channel K | | BBC (Burmese) |
| 4 | DVB | | People's Spring |
| 5 | Irrawaddy (Burmese) | | Irrawaddy (Burmese) |
| 6 | BBC (Burmese) | | Mizzima (Burmese) |
| 7 | Myanmar Now | | Ayeyarwaddy Times |
| 8 | MRTV-4 | | Myanmar Press Photo Agency |
| 9 | Eleven Broadcasting | | Myanmar Now |
| 10 | Eleven | | Narinjara |

*Key:* International media, Independent media Military-aligned media State-owned media.

### အများပြည်သူဆိုင်ရာ ဆွေးနွေးငြင်းခုံမှုများ နှုတ်ဆိတ်သွားစေခြင်း

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ် ခြိမ်းခြောက်ဟန့်တားနေသည့် အကြောက်တရားသက်ရောက်နေခြင်းကို အထင်ရှားဆုံး ပြသနေသော အညွှန်းကိန်းမှာ အများပြည်သူအကြား ဆွေးနွေးပြောဆိုမှုများ လျော့နည်းကျဆင်းသွားခြင်းပင် ဖြစ်သည်။ စောင့်ကြည့်ထောက်လှမ်းသူများ အလွယ်တကူ မြင်တွေ့နိုင်သော မီဒီယာပို့စ်များအပေါ် "မှတ်ချက်" (Comments) ပေးမှုသည် ၂၀၂၁ ခုနှစ်မှ ၂၀၂၆ ခုနှစ်အတွင်း -၄၂% အထိ ကျဆင်းသွားခဲ့သည်။ဤကဲ့သို့ ကျဆင်းသွားခြင်းသည် ဒစ်ဂျစ်တယ်လူထုရင်ပြင်ကို တိတ်ဆိတ်သွားစေသည့် အခြေအနေကို ကိုယ်စားပြုနေပြီး၊ ထိုဝန်းကျင်တွင် စောင့်ကြည့်ထောက်လှမ်းခံရမည်ကို စိုးရိမ်ကြောက်ရွံ့စိတ်ကြောင့် လူ့အဖွဲ့အစည်းတိုင်းအတွက် မရှိမဖြစ်လိုအပ်သော အများပြည်သူအကြား အတူတကွ ဝိုင်းဝန်းဆွေးနွေး အဖြေရှာသည့်ကဏ္ဍကို ပျက်စီးစေခဲ့သည်။

**Likes, shares, and comments in 2026 compared to pre-coup**

| | Change |
|---|---|
| Likes | +52% |
| View-to-like | +191% |
| Shares | -63% |
| View-to-share | -28% |
| Comments | -42% |
| View-to-comment | +6% |

မှတ်ချက်ပေးမှုများ ကျဆင်းခြင်းသည် နိုင်ငံပိုင်မီဒီယာများနှင့် စစ်တပ်နှင့် ဆက်နွှယ်နေသော မီဒီယာများတွင် အဆိုးရွားဆုံး ဖြစ်ခဲ့ပြီး ၎င်းတို့သည် အသီးသီး -၅၂ % နှင့် -၃၉ % စီအထိ ထိုးဆင်းသွားခဲ့သည်။ လွတ်လပ်သော မီဒီယာများတွင်မူ -၂၉ % သာ ကျဆင်းခဲ့ခြင်းနှင့် နှိုင်းယှဉ်လျှင် သိသာလှသည်။ အထူးသဖြင့် Eleven သတင်းဌာနနှင့် MRTV-4 တို့သည် ၎င်းတို့၏ စာမျက်နှာများပေါ် ရှိ မှတ်ချက်ပေးမှုများထဲမှ -၈၄ % နှင့် -၅၂ % အထိ ဆုံးရှုံးခဲ့ကြသည်။ စစ်တပ်နှင့် ဆက်နွှယ်နေသော မီဒီယာများတွင် မှတ်ချက်ပေးမှုများ ဤမျှအချိုးအစားမမျှဘဲ ဆုံးရှုံးသွားခြင်းကို ကြည့်ခြင်းအားဖြင့် ပြည်သူလူထုသည် အများပြည်သူဆိုင်ရာ ဆွေးနွေးငြင်းခုံမှုအားလုံးကို ရပ်တန့်လိုက်ခြင်း မဟုတ်ဘဲ၊ စစ်တပ်၏ ဝါဒဖြန့် သတင်းပတ်ဝန်းကျင်မှ ရည်ရွယ်ချက်ရှိရှိဖြင့် ဆုတ်ခွာခဲ့ကြခြင်းကို ပြသနေပါသည်။

ခြုံငုံကြည့်လျှင် ကျဆင်းနေသည့် အခြေအနေ ရှိနေသော်လည်း အချို့သော လွတ်လပ်သည့် မီဒီယာများတွင်မူ မှတ်ချက်ပေးမှုများ ပိုမိုမြင့်တက်လာခဲ့သည်။ ဥပမာအားဖြင့် Myanmar Press Photo Agency တွင် မှတ်ချက်ပေးမှု +၄,၃၁၉% အထိ မြင့်တက်လာခဲ့ပြီး၊ Kachin Waves တွင် +၁,၃၈၂% နှင့် Ayeyarwaddy Times တွင် +၁,၀၉၆% အထိ အသီးသီး တိုးတက်ရရှိခဲ့သည်။ လွတ်လပ်သော သတင်းဌာနအချို့တွင် ယခုကဲ့သို့ ဆွေးနွေးပြောဆိုမှုများ တိုးတက်လာခြင်းက အများပြည်သူအကြား အတူတကွ ဝိုင်းဝန်းဆွေးနွေး လိုသည့်

လူထု၏ လိုအပ်ချက်သည် လူမှုအဖွဲ့အစည်း ချိတ်ဆက်အားကောင်းစေရန်နှင့် ကြံ့ကြံ့ခံရင်ဆိုင်နိုင် စွမ်းကို ဖော်ပြရန်အတွက် မရှိမဖြစ်လိုအပ်သော အရေးပါသည့် လုပ်ဆောင်ချက်တခုအဖြစ် တည်ရှိနေသည်။

**Top 10 Myanmar media for comments**

| | Before the coup (Jan 2021) | Change | 2025-6 election period |
|---|---|---|---|
| 1 | RFA (Burmese) | | Khit Thit Media |
| 2 | DVB | | DVB |
| 3 | Irrawaddy (Burmese) | | BBC (Burmese) |
| 4 | Eleven | | Irrawaddy (Burmese) |
| 5 | Myanmar Now | | People's Spring |
| 6 | BBC (Burmese) | | Popular News Journal |
| 7 | Mizzima (Burmese) | | Mizzima (Burmese) |
| 8 | Pyi Myanmar | | Ayeyarwaddy Times |
| 9 | Eleven Broadcasting | | Myanmar Now |
| 10 | One News Myanmar | | မောင်း |

*Key:* International media, Independent media Military-aligned media State-owned media.

## အယ်ဒီတာ့အာဘော် ရပ်တည်ချက်များနှင့် အစွန်းရောက်သဘောထားကွဲ လွဲမှုများ

ဤအစီရင်ခံစာတွင် အာဏာသိမ်းပြီးနောက်ပိုင်း ဖေ့စ်ဘွတ်ခ် (Facebook) ပေါ်ရှိ မီဒီယာများ၏ သတင်းအချက်အလက် စီးဆင်းမှုပုံစံ ပြောင်းလဲလာသည့် လားရာနှင့် ပမာဏအတိုင်းအတာတို့ကို ထည့်သွင်းဖော်ပြထားပြီး ဖြစ်သည်။ မီဒီယာများနှင့် ၎င်းတို့၏ သတင်းကြည့်ရှုသူ ပရိသတ်များသည် အခြားသော ကဏ္ဍရပ်များတွင်လည်း တိုးတက်ပြောင်းလဲမှုများ ရှိခဲ့ပြီး အထူးသဖြင့် ၎င်းတို့ ထုတ်ဝေတင်ဆက်သည့် သတင်းအချက်အလက် အကြောင်းအရာ (Content) ပိုင်းတွင် ဖြစ်သည်။ ဤကဏ္ဍတွင် စစ်တပ်က သတင်းဇာတ်ကြောင်းကို ၎င်းတို့စိတ်ကြိုက် ထိန်းချုပ်ရန် ကြိုးပမ်းမှုများကြောင့် အယ်ဒီတာ့အာဘော် ရပ်တည်ချက်များ မည်သို့ ပြောင်းလဲသွားစေခဲ့ကြောင်းနှင့် ၎င်းဖြစ်စဉ်က လူ့အဖွဲ့အစည်းအပေါ် မည်သို့ သက်ရောက်မှုရှိသည်ကို ဆန်းစစ်သုံးသပ်ထားသည်။

## စစ်တပ်ထောက်ခံရေးနှင့် စစ်တပ်ဆန့်ကျင်ရေး အယ်ဒီတာ့အာဘော် ရပ်တည်ချက်များ ပေါ်ပေါက်လာခြင်း

အာဏာသိမ်းပြီးနောက်ပိုင်း စစ်တပ်အနေဖြင့် မီဒီယာများကို ၎င်းတို့အား ခေါင်းငုံ့နာခံလာစေရန် ဖိအားပေးခြင်း၊ သို့မဟုတ် အာခံဆန့်ကျင်သည့် စစ်တပ်ဆန့်ကျင်ရေး အယ်ဒီတာ့အာဘော် ရပ်တည်ချက်များ တိုးပွားလာခြင်းကို တားဆီးရန် မအောင်မြင်ခဲ့ပေ။ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေအရ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်သည် မီဒီယာများ၏ လွတ်လပ်သော ရပ်တည်ပိုင်ခွင့်ကို အကာအကွယ်ပေးထားသည်။ ယင်းတွင် သတင်းဌာနအနေဖြင့် ပြည်သူ့ဘဏ္ဍာငွေဖြင့် ရပ်တည်နေခြင်း မဟုတ်လျှင်သော်လည်းကောင်း၊ နိုင်ငံပိုင် ရုပ်သံလိုင်းလှိုင်းနှုန်းစဉ်များကို အသုံးမပြုလျှင်သော်လည်းကောင်း နိုင်ငံရေးအရ ဖြစ်စေ၊ ဆန့်ကျင်ဘက် အမြင်အရ ဖြစ်စေ မိမိတို့၏ အယ်ဒီတာ့အာဘော် ရပ်တည်ချက်ကို လွတ်လပ်စွာ ဖော်ပြပိုင်ခွင့်လည်း ပါဝင်သည်။[10] ပြည်သူလူထုသည်လည်း မတူကွဲပြားသော အယ်ဒီတာ့အာဘော် ရပ်တည်ချက်များမှ တဆင့် စုံလင်လှသော သတင်းအချက်အလက်များကို လွတ်လပ်စွာ သိရှိခွင့်နှင့် ရယူအသုံးပြုခွင့် ရှိသည်။

မြန်မာနိုင်ငံ၏ မီဒီယာများသည် စစ်တပ်ကို အလွန်အမင်း ဆန့်ကျင်သည့် အယ်ဒီတာ့အာဘော် ရပ်တည်ချက်မှသည် ဘက်လိုက်မှုမရှိသော ရပ်တည်ချက်၊ ထိုမှတဆင့် စစ်တပ်ကို အလွန်အမင်း ထောက်ခံသည့် ရပ်တည်ချက်အထိ ကွဲပြားခြားနားကြသည်။[11] အယ်ဒီတာ့အာဘော် ရပ်တည်ချက်ဆိုသည်မှာ မီဒီယာပိုင်ဆိုင်မှု အခြေအနေတခုတည်းအပေါ်တွင်သာ လုံးလုံးလျားလျား မူတည်နေခြင်းမျိုး မဟုတ်ပေ။ အကြောင်းမှာ ဥပမာအားဖြင့် လွတ်လပ်သော သတင်းဌာနတခုသည် ဘက်လိုက်မှုမရှိဘဲ ကြားနေနိုင်သကဲ့သို့၊ စစ်တပ်ကို အတန်အသင့် ဆန့်ကျင်ခြင်း သို့မဟုတ် အလွန်အမင်း ဆန့်ကျင်ခြင်း စသည့် ရပ်တည်ချက်မျိုးလည်း ရှိနိုင်သောကြောင့် ဖြစ်သည်။[12] ဘက်လိုက်မှုမရှိသော ကြားနေမီဒီယာများသည် အာဏာသိမ်းပြီးနောက်ပိုင်း ၎င်းတို့၏ သတင်းတင်ဆက်မှု ပမာဏကို သိသိသာသာ အပြောင်းအလဲမရှိဘဲ -၃ % ခန့်သာ ထိန်းသိမ်းထားခဲ့ကြသည်။ အပြန်အလှန်အားဖြင့် စစ်တပ်ကို အတန်အသင့် ဆန့်ကျင်သည့် မီဒီယာများနှင့် အလွန်အမင်း ဆန့်ကျင်သည့် မီဒီယာများကမူ အာဏာသိမ်းမှုကို တုံ့ပြန်သည့်အနေဖြင့် ၎င်းတို့၏ သတင်းတင်ဆက်မှု ပမာဏကို +၇၃ % အထိ တိုးမြှင့်ခဲ့ကြသည်။ ယင်းက စစ်တပ်ကို ဆန့်ကျင်သည့် မီဒီယာများသည် ပြည်သူလူထု၏ စုံလင်လှသော

[10] ပုဂ္ဂလိကမီဒီယာများအနေဖြင့် မိမိတို့နှစ်သက်ရာ နိုင်ငံရေးဘက်တော်သားအဖြစ် လွတ်လပ်စွာ ရပ်တည်ပိုင်ခွင့်ရှိသော်လည်း၊ ပြည်သူ့ဘဏ္ဍာရန်ပုံငွေဖြင့် လည်ပတ်နေသော မီဒီယာများနှင့် အကန့်အသတ်ရှိသည့် နိုင်ငံပိုင်လှိုင်းနှုန်းစဉ်ကို အသုံးပြုခွင့်လိုင်စင် ရရှိထားသော မီဒီယာများတွင်မူ ထိုသို့မဟုတ်ဘဲ မတူညီသော တာဝန်ဝတ္တရား ရှိကြသည်။ ၎င်းတို့သည် အများပြည်သူအကျိုးစီးပွားအတွက် လူထုတရပ်လုံးကို အလုပ်အကျွေးပြုနိုင်ရန် ဘက်လိုက်မှုမရှိဘဲ ကြားနေရမည် ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ဥပဒေအရ ရုပ်သံလွှင့်လိုင်စင်များ ချထားပေးခြင်းသည် အများပြည်သူအကျိုးစီးပွားကို အခြေခံပြီး ပွင့်လင်းမြင်သာမှုရှိသော လူထုဆုံးဖြတ်ချက်တခု ဖြစ်ရမည်။ သို့သော် မြန်မာနိုင်ငံတွင်မူ စစ်တပ်သည် သမိုင်းအဆက်ဆက် ထိုရုပ်သံလိုင်းများကို ၎င်းတို့အတွက် နိုင်ငံရေးအရ ထောက်ခံမှုရရှိရန် အလဲအလှယ်လုပ်သည့်အနေဖြင့် စစ်တပ်နှင့် နီးစပ်သော ကုမ္ပဏီများကို လက်ဆောင်အဖြစ် ပေးအပ်ခဲ့ကြသည်။

[11] ဤအစီရင်ခံစာ၏ ရည်ရွယ်ချက်အတွက် 'စစ်တပ်ထောက်ခံရေး'၊ 'ဒီမိုကရေစီဆန့်ကျင်ရေး' နှင့် 'အတိုက်အခံဆန့်ကျင်ရေး' အယ်ဒီတာ့အာဘော် ရပ်တည်ချက်များကို စုပေါင်း၍ အမျိုးအစားတစ်ခုတည်းအဖြစ် သတ်မှတ်ထားပြီး၊ ထို့အတူ 'စစ်တပ်ဆန့်ကျင်ရေး'၊ 'ဒီမိုကရေစီလိုလားရေး' နှင့် 'အတိုက်အခံထောက်ခံရေး' ရပ်တည်ချက်များကိုလည်း စုပေါင်း၍ အခြားအမျိုးအစားတစ်ခုတည်းအဖြစ် ထားရှိတွက်ချက်ထားသည်။ သတင်းဌာန တခုချင်းစီအနေဖြင့် အဆိုပါရပ်တည်ချက်များအနက် သတ်မှတ်ချက်တခုခုကို ပိုမိုဦးစားပေး ဖော်ပြနိုင်သော်လည်း၊ အချက်အလက်များ၏ လားရာနှင့် ခေတ်ရေစီးကြောင်းများကို ဆန်းစစ်သုံးသပ်နိုင်ရန်အတွက်မူ ၎င်းတို့အားလုံးသည် ဖွဲ့စည်းတည်ဆောက်ပုံအဆင့်တွင် တူညီသော နိုင်ငံရေးဘုံရပ်တည် ချက် တခုတည်းကို မျှဝေကိုင်စွဲထားကြသည်။

[12] စစ်တပ်ဆန့်ကျင်ရေးနှင့် စစ်တပ်ထောက်ခံရေးအကြား ကွဲပြားခြားနားမှုသည် မီဒီယာပိုင်ဆိုင်မှုနှင့် ထိန်းချုပ်ခွင့် သဘောတရားမျှသာ မဟုတ်ပေ။ နိုင်ငံပိုင်မီဒီယာအားလုံးသည် စစ်တပ်ကို အလွန်အမင်း ထောက်ခံကြသော်လည်း လွတ်လပ်သော မီဒီယာအားလုံးက စစ်တပ်ကို အတန်အသင့် ဆန့်ကျင်ခြင်း သို့မဟုတ် အလွန်အမင်း ဆန့်ကျင်ခြင်းမျိုးချည်း ထပ်တူမပြုလုပ်ကြပေ။ လွတ်လပ်သော မီဒီယာအချို့မှာ ဘက်လိုက်မှုမရှိဘဲ ကြားနေကြသည်။ ပုဂ္ဂလိကပိုင်ဖြစ်ပြီး အပေါ်ယံကြည့်လျှင် လွတ်လပ်သည်ဟု ထင်ရသော မီဒီယာအနည်းစုတွင်မူ စစ်တပ်ဘက်တော်သား အယ်ဒီတာ့အာဘော် ရပ်တည်ချက်ကို ယေဘုယျအားဖြင့် တွေ့ရှိရသည်။

သတင်းအချက်အလက်များကို လွတ်လပ်စွာ သိရှိခွင့်နှင့် ရယူအသုံးပြုခွင့်ကို ဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းခြင်းဖြင့် အာဏာသိမ်းမှုကို တုံ့ပြန်ခဲ့ကြကြောင်း ပြသနေသည်။

စစ်တပ်ကို အတန်အသင့် ထောက်ခံသည့် မီဒီယာများနှင့် အလွန်အမင်း ထောက်ခံသည့် မီဒီယာများကမူ အာဏာသိမ်းမှုအပေါ် ဆန့်ကျင်ဘက်ပုံစံဖြင့် တုံ့ပြန်ခဲ့ကြပြီး ၎င်းတို့၏ သတင်းထုတ်လွှင့်တင်ဆက်မှု ပမာဏကို -၃၁ ရာခိုင်နှုန်းအထိ လျှော့ချခဲ့ကြသည်။ ယင်းက စစ်တပ်ဘက်တော်သား အယ်ဒီတာ့အာဘော် ရပ်တည်ချက်ရှိသည့် သတင်းဌာနများ၏ အဓိကဦးတည်ချက်မှာ ဒစ်ဂျစ်တယ်လူထုရင်ပြင်တွင် သတင်းအချက်အလက် စီးဆင်းမှုကို လျှော့ချရန်ဖြစ်ကြောင်း ဖော်ညွှန်းနေသည်။ စစ်တပ်ထောက်ခံရေး မီဒီယာများသည် အာဏာသိမ်းမှုကို အယ်ဒီတာ့အာဘော်ဖြင့် ပေါ်ပေါ်ထင်ထင် ထောက်ခံအားပေးရန်ထက် ဘာမှမရေးဘဲ ရေငုံနှုတ်ပိတ်နေသည့် လမ်းစဉ်ကိုသာ ပိုမိုရွေးချယ်ခဲ့ကြသည်။

## စစ်တပ်၏ ဝါဒဖြန့်ချိမှုများအပေါ် ပြည်သူလူထုက ဝိုင်းပယ်ဆန့်ကျင်ကြခြင်း

ပြည်သူလူထု အများစုသည် စစ်တပ်နှင့် ဆက်နွှယ်နေသော သီးခြားသတင်းဌာနများ၏ လှုံ့ဆော်မှုများအပါအဝင် စစ်တပ်၏ ဝါဒဖြန့်ချိမှုများကို လုံးဝနှစ်သက်ခြင်း မရှိကြပေ။ ရှေ့ပိုင်းကဏ္ဍများတွင် နိုင်ငံပိုင်မီဒီယာများနှင့် စစ်တပ်ဘက်တော်သား မီဒီယာများအား ကြည့်ရှုသူဦးရေနှင့် တုံ့ပြန်မှုများ ကျဆင်းသွားကြောင်း ဖော်ပြခဲ့သော်လည်း၊ ပြည်သူလူထု၏ ယင်းကဲ့သို့ တုံ့ပြန်မှုသည် သတင်းဌာနများ၏ နောက်ခံအမျိုးအစားကြောင့်ထက် ၎င်းတို့၏ အယ်ဒီတာ့အာဘော် ရပ်တည်ချက်ကြောင့် ပိုမိုဖြစ်ပေါ်လာရခြင်း ဖြစ်သည်။ အာဏာသိမ်းပြီးနောက်ပိုင်း စစ်တပ်ဘက်တော်သား အယ်ဒီတာ့အာဘော် ရပ်တည်ချက်ရှိသည့် မီဒီယာများ၏ သတင်းရောက်ရှိမှုနှုန်းသည် -၈၀% အထိ ကျဆင်းသွားခဲ့ပြီး၊ စစ်တပ်ဆန့်ကျင်ရေး မီဒီယာများ၏ သတင်းရောက်ရှိမှုနှုန်းကမူ +၁၅% အထိ မြင့်တက်လာခဲ့သည်။ ယင်းက ကောလာဟလနှင့် ဝါဒဖြန့်မှုများ အပါအဝင် စစ်မက်လှုံ့ဆော်မှုများနှင့် အမုန်းတရားပွားများစေရန် သွေးထိုးလှုံ့ဆော်မှုများကဲ့သို့သော အန္တရာယ်ရှိသည့် ဆက်သွယ်ပြောဆိုမှုများ၏ ဘေးအန္တရာယ်မှ ကင်းဝေးအောင်နေပိုင်ခွင့်ရှိသော မိမိတို့၏ အခွင့်အရေးကို ကျင့်သုံးရန် ပြည်သူလူထုတရပ်လုံးက စုပေါင်းကြိုးပမ်းခဲ့ကြကြောင်း ပေါ်လွင်စေသည်။

ပြည်သူလူထုက စစ်တပ်ဘက်တော်သား မီဒီယာများနှင့် တုံ့ပြန်ဆောင်ရွက်မှု ပြုလုပ်ခြင်းကိုလည်း ပိုမိုရှောင်ရှားလာခဲ့ကြရာ အဆိုပါမီဒီယာများ၏ ကြိုက်နှစ်သက်မှု (likes) ပမာဏသည် -၂၆% အထိ ကျဆင်းသွားခဲ့ပြီး၊ ပြန်လည်မျှဝေခြင်း (shares) ပမာဏသည် -၉၀% အထိ ထိုးဆင်းသွားခဲ့ကာ၊ မှတ်ချက်ပေးမှု (comments) ပမာဏသည်လည်း -၇၂% အထိ ကျဆင်းသွားခဲ့သည်။ စစ်တပ်ဆန့်ကျင်ရေး မီဒီယာများကမူ ၎င်းတို့၏ likes ပမာဏကို +၂၇၄% အထိ တိုးမြှင့်နိုင်ခဲ့ပြီး shares နှင့် comments ပမာဏကိုလည်း သိသိသာသာ ကျဆင်းသွားခြင်းမရှိဘဲ (အသီးသီးအားဖြင့် -၂% နှင့် -၈% ခန့်သာ) ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့သည်။ စစ်တပ်ဘက်တော်သား သတင်းဌာနများ၏ တုံ့ပြန်ဆောင်ရွက်မှု (engagement) ပမာဏ အကြီး

အကျယ် ပြိုလဲပျက်စီးသွားခြင်းက ဒစ်ဂျစ်တယ်လူထုရင်ပြင်တွင် အုပ်ချုပ်ခံပြည်သူလူထု၏ ထောက်ခံသဘောတူညီမှုကို စစ်တပ်အနေဖြင့် လုံး၀ ဆုံးရှုံးသွားခဲ့ပြီဖြစ်ကြောင်း ဖော်ညွှန်းနေသည်။

**Reach by editorial stance in 2026 compared to pre-coup**

| | -100 | -75 | -50 | -25 | 0 | +25 | +50 | +75 | +100 |
|---|---|---|---|---|---|---|---|---|---|
| Very anti-military | | | | | | | | | +160% |
| Anti-military | | | | | +2 | | | | |
| Impartial | | | -70% | | | | | | |
| Pro-military | | -89% | | | | | | | |
| Very pro-military | | | -63% | | | | | | |

## ပြည်ပအခြေစိုက် တော်လှန်ရေးမီဒီယာများအပေါ် ပြည်သူလူထု၏ ထောက်ခံအားပေးမှု

လွတ်လပ်သော သတင်းဌာနများသည် ၎င်းတို့၏ ခေါင်းဆောင်များ၊ သတင်းထောက်များနှင့် သတင်းခန်းများ အဓမ္မဖမ်းဆီးခံရခြင်း၊ ပိုင်ဆိုင်မှုများ သိမ်းဆည်းခံရခြင်းနှင့် သတင်းဌာနများ ပိတ်သိမ်းခံရခြင်းတို့မှ ကင်းဝေးစေရန် ပြည်ပသို့ တိမ်းရှောင်ခဲ့ကြရသော်လည်း အခက်အခဲများအကြားမှ ကြံ့ကြံ့ခံကာ ဆက်လက်ရှင်သန်နေခဲ့ကြသည်။[13] အာဏာသိမ်းပြီး တလအတွင်းမှာတင် ပြည်ပအခြေစိုက် မီဒီယာများသည် မီဒီယာအားလုံး၏ သတင်းတင်ဆက်မှုစုစုပေါင်း၏ ၄၄% ကို ထုတ်လွှင့်ခဲ့ကြသည်။ ထိုအချိုးအစားသည် ဆက်လက်မြင့်တက်ခဲ့ပြီး +၇၁% အထိ တိုးပွားလာကာ ၂၀၂၆ ခုနှစ်တွင် ၆၃% သို့ ရောက်ရှိလာခဲ့သည်။ ကျန်ရှိသော သတင်းတင်ဆက်မှုအများစုမှာ မြန်မာနိုင်ငံအတွင်း၌ ဆက်လက်လည်ပတ်နေဆဲဖြစ်သော နိုင်ငံပိုင် သို့မဟုတ် စစ်တပ်ဘက်တော်သား သတင်းဌာနများထံမှ လာခြင်းဖြစ်သော်လည်း ၎င်းတို့၏ အချိုးအစားမှာ -၂၃% အထိ ကျဆင်းသွားခဲ့သည်။[14] ယင်းက သတင်းအချက်အလက်များကို ရှာဖွေပိုင်ခွင့်နှင့် ဖြန့်ဝေတင်ဆက်ပိုင်ခွင့်တို့သည် "နယ်နိမိတ် ခြားနားချက်များရှိနေစေကာမူ" သက်ရောက်မှုရှိစေရမည် ဟူသော နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပဋိညာဉ် (ICCPR) ၏ အခြေခံမူကို လက်တွေ့ကျင့်သုံးဖော်ဆောင်ခြင်း ဖြစ်သည်။

လွတ်လပ်သော မီဒီယာများအဖြစ် ဆက်လက်ရပ်တည်နိုင်ရန် ကြိုးပမ်းမှုများအပေါ် ပြည်သူလူထုက ဝန်းရံထောက်ခံခဲ့ကြသည်။ အာဏာသိမ်းပြီး တလအတွင်းမှာတင် ပြည်ပအခြေစိုက် မီဒီယာများသည် ကြည့်ရှုသူဦးရေစုစုပေါင်း၏ ၄၃% ကို ရရှိခဲ့ကြသည်။ ၂၀၂၆ ခုနှစ်တွင် ထိုပမာဏသည် ၇၀% အထိ

[13] လွတ်လပ်သောသတင်းဌာန အရေအတွက်အနည်းငယ်သာ ပြည်ပသို့ တိမ်းရှောင်ခြင်း မပြုဘဲ ကျန်ရစ်ခဲ့ကြပြီး၊ ၎င်းတို့သည် သတင်းဌာနကို ပိတ်သိမ်းခြင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ထိန်းချုပ်ရာ နယ်မြေများသို့ ပြောင်းရွှေ့ခြင်း သို့မဟုတ် စစ်တပ်ဘက်တော်သားအဖြစ် ၎င်းတို့၏ အယ်ဒီတာ့အာဘော် ရပ်တည်ချက်ကို ပြောင်းလဲကာ ကိုယ့်ကိုယ်ကိုယ် ဆင်ဆာဖြတ်တောက်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

[14] မြန်မာနိုင်ငံအတွင်းမှ ထုတ်လွှင့်သည့် သတင်းတင်ဆက်မှု အချိုးအစား အနည်းငယ်မှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ထိန်းချုပ်ရာ နယ်မြေများမှနေ၍ လည်ပတ်နေကြသော သတင်းဌာနများထံမှ လာခြင်းဖြစ်သည်။

မြင့်တက်လာခဲ့သည်။ ပြည်သူလူထု၏ တုံ့ပြန်ဆောင်ရွက်မှု (engagement) များလည်း တိုးပွားလာခဲ့ရာ likes ပမာဏသည် ၄၀% မှ ၆၄% သို့လည်းကောင်း၊ shares ပမာဏသည် ၅၃% မှ ၇၉% သို့လည်းကောင်း၊ comments ပမာဏသည် ၆၃% မှ ၇၆% သို့လည်းကောင်း အသီးသီး မြင့်တက်လာခဲ့သည်။ ပြည်ပအခြေစိုက် မီဒီယာများသည် ၎င်းတို့ကို အားပေးကြည့်ရှုသူများကို ဆုံးရှုံးသွားခဲ့ခြင်း မရှိသည့်အပြင် ပြည်သူအများ အပြားက ၎င်းတို့၏ သတင်းတင်ဆက်မှုများကို ပိုမိုလွတ်လပ်ပြီး ယုံကြည်စိတ်ချရကာ ဘက်လိုက်မှုကင်း သည်ဟု မြင်ကြသောကြောင့် လူထုအတွက် ပို၍ပင်အရေးပါအရာရောက်သော မီဒီယာများ ဖြစ်လာခဲ့ကြ သည်။

## ဘက်မလိုက်ဘဲ မျှတသောတင်ဆက်မှုအပေါ် ပြည်သူလူထု၏ စိတ်ဝင်စားမှု လျော့နည်းကျဆင်းလာခြင်း

စစ်တပ်၏ ဝါဒဖြန့်ချိမှုများကို ပြည်သူလူထုက သပိတ်မှောက်ခဲ့ကြရာတွင် ဘက်မလိုက်သော မီဒီယာများကို အားပေးမှု လျော့နည်းသွားခြင်းလည်း တခု အပါအဝင်ခဖြစ်သည်။ ပိုမိုဘက်မလိုက်ဘဲ ကြားနေသော အယ်ဒီတာ့အာဘော် ရပ်တည်ချက်ရှိသည့် သတင်းဌာနများသည် ပုံမှန်သတင်းတင်ဆက်မှု အရေအတွက်ကို (-၃% ခန့်သာ လျော့နည်းခဲ့ပြီး) မပြတ်တမ်း ထိန်းသိမ်းထားနိုင်ခဲ့သော်လည်း သတင်းရောက်ရှိမှုနှုန်း (reach) မှာမူ -၇၀% အထိ ကျဆင်းသွားခဲ့သည်။ ဘက်မလိုက်ဘဲ ကြားနေသော မီဒီယာများအား ပြည်သူလူထု၏ တုံ့ပြန်ဆောင်ရွက်မှု (engagement) သည်လည်း လျော့နည်းကျဆင်းသွားခဲ့ရာ likes၊ shares နှင့် comments ပမာဏများသည် အသီးသီးအားဖြင့် -၂၆%၊ -၈၆% နှင့် -၇၁% အထိ ကျဆင်းသွားခဲ့သည်။ ယင်းကဲ့သို့ လျော့နည်းကျဆင်းမှုနှုန်းထားများသည် စစ်တပ်ဘက်တော်သား သတင်းဌာနများတွင် တွေ့ရှိရသည့် ကျဆင်း မှုပမာဏများနှင့် ဆင်တူနေသည်။

ဒစ်ဂျစ်တယ်လူထုရင်ပြင်တွင် ကြားနေရပ်တည်ချက်ကို ပြည်သူလူထုက ပိုမိုရှောင်ခွာလာကြခြင်းသည် မီဒီယာဗဟုအမြင်ကွဲပြားစုံလင်မှုကို အားနည်းစေပြီး ပြည်သူများအနေဖြင့် မိမိတို့၏ သဘောထားအမြင်များ အား လွတ်လပ်စွာ ဖွဲ့စည်းတည်ဆောက်နိုင်စွမ်းကို ထိခိုက်ပျက်ပြားစေသည်။ ဘက်မလိုက်သော နယ်ပယ်များ လျော့နည်းလာသည်နှင့်အမျှ ဝါဒဖြန့်မှုများ၊ သတင်းတု၊ သတင်းမှားများနှင့် အစွန်းရောက်အမြင် တင်ဆက်မှု များက မျှတသော ဆွေးနွေးငြင်းခုံမှုများကို ဖယ်ထုတ်နေရာယူလာကြပြီး၊ ယင်းက အပြန်အလှန် နားလည်မှု များကို ယုတ်လျော့စေကာ လှည့်ဖြားလှုံ့ဆော်မှုများအောက်တွင် ပိုမိုထိခိုက်လွယ်လာစေသည်။

## ပိုမိုပြင်းထန်လာသော အစွန်းရောက်အမြင်ကွဲပြားမှုများ


အားပေးကြည့်ရှုသူများသည် ဘက်မလိုက်သော မီဒီယာများမှတဆင့် ဘက်လိုက်မှုပြင်းထန်သော သတင်းဌာ နများဘက်သို့ ကူးပြောင်းလာခဲ့ကြရာ လူထုအကြား ဆွေးနွေးငြင်းခုံမှုများတွင် အစွန်းရောက်အမြင်ကွဲပြားမှု များကို ပိုမိုနက်ရှိုင်းစေခဲ့သည်။ စစ်တပ်အပေါ် အသင့်အတင့် ဆန့်ကျင်လိုသော သဘောထားရှိသူများသည်

စစ်တပ်ကို ပြင်းပြင်းထန်ထန်ဆန့်ကျင်သည့် မီဒီယာများဘက်သို့ ပိုမိုဦးတည်ဖတ်ရှုလာကြပြီး စစ်တပ်ဘက်တော်သား သဘောထားရှိသူများသည်လည်း စစ်တပ်ကို ပြင်းပြင်းထန်ထန် ထောက်ခံသည့် သတင်းဌာနများ ဝန်းကျင်တွင်သာ စုပြုံအားပေးလာကြသည်။ ယင်း၏ ရလဒ်အနေဖြင့် ကြည့်ရှုမှုအားလုံး၏ ၂၄% မှာ ယခုအခါ ဘက်လိုက်မှု အလွန်ပြင်းထန်သော မီဒီယာများထံမှ ဖြစ်ပြီး မူလ ၁၈% မှ မြင့်တက်လာခြင်းဖြစ်သည်။ အာဏာသိမ်းပြီးကတည်းက ၎င်းတို့၏ ပြန်လည်မျှဝေမှု (shares) ပြုလုပ်ခံရသည့် အချိုးအစားမှာ ၂၁% အထိ နှစ်ဆတိုးလာခဲ့ပြီး မှတ်ချက်ပေးမှု (comments) ပမာဏမှာလည်း ၂၂% အထိ သုံးဆတိုးလာခဲ့သည်။

အားပေးကြည့်ရှုသူများသည် စစ်တပ်ကို ပြင်းပြင်းထန်ထန် ထောက်ခံသည့် သို့မဟုတ် ပြင်းပြင်းထန်ထန် ဆန့်ကျင်သည့် မီဒီယာများဘက်သို့ ကူးပြောင်းသွားကြသည်နှင့်အမျှ ဘက်လိုက်မှုအလွန်ပြင်းထန်သော အကြောင်းအရာများ၏ သတင်းရောက်ရှိမှုနှုန်း (reach) နှင့် တုံ့ပြန်ဆောင်ရွက်မှု (engagement) တို့ ပိုမိုအားကောင်းလာပြီး မျှတသော ဆွေးနွေးငြင်းခုံမှုများကို အားနည်းသွားစေသည်။ ယင်းက အစဦးပိုင်းတွင် နှစ်ဖက်စလုံး၌ နိုင်ငံရေးအရ စည်းလုံးညီညွတ်မှုကို ဖြစ်ထွန်းစေနိုင်သော်လည်း ရေရှည်တွင် အစွန်းရောက်အမြင်ကွဲပြားမှုများကို ပိုမိုနက်ရှိုင်းစေကာ လူထုကို မိမိတို့အမြင်နှင့်တူသူများသာ စုဝေးရာ "အသံတူအုပ်စုငယ်များ" (echo chambers) အဖြစ် စိတ်ဝမ်းကွဲသွားစေပြီး မတူကွဲပြားသော အမြင်သဘောထားများအား လေ့လာခွင့်ရရှိမှုကို အကန့်အသတ်ဖြစ်စေသည်။ ပလက်ဖောင်းများ၏ အယ်လ်ဂိုရစ်သမ်စနစ်က "ဒေါသစိတ်ကို တမင်ဆွ၍ ပျံ့နှံ့အောင်လုပ်ခြင်း" ဖြစ်စဉ်ဖြင့် ယင်းအခြေအနေကို ပိုမိုဆိုးရွားအောင် မြှင့်တင်ပေးလေ့ရှိပြီး၊ ယင်းက သဘောထားအမြင်များကို လွတ်လပ်စွာ ဖွဲ့စည်းတည်ဆောက်နိုင်စွမ်းကို ထိခိုက်ပျက်ပြားစေကာ ဒီမိုကရေစီနည်းကျ ဆွေးနွေးငြင်းခုံမှုများကို ပျက်စီးစေရုံမျှမက လူမှုစီးပွားစည်းလုံးညီညွတ်မှုကိုလည်း အားနည်းစေသဖြင့် ပဋိပက္ခများကို ပိုမိုတွန်းအားပေးဖြစ်ထွန်းစေသည်

## သတင်းများအပေါ် ပြည်သူလူထု၏ သဘောထားခံစားချက် ပြောင်းလဲ လာခြင်း

ဤအစီရင်ခံစာသည် အာဏာသိမ်းပြီးနောက်ပိုင်း Facebook ပေါ်ရှိ မီဒီယာသတင်းအချက်အလက် စီးဆင်းမှုများ၏ ဦးတည်ချက်၊ ပမာဏနှင့် သိမ်မွေ့နက်နဲသော အပြောင်းအလဲများကို လေ့လာဆန်းစစ်ထားခြင်းဖြစ်သည်။ ပွင့်လင်းစွာ ဆန့်ကျင်ကန့်ကွက်မှု ပုံစံများကို ရာဇဝတ်မှုအဖြစ် သတ်မှတ်အရေးယူလာသောကြောင့် ကမ္ဘာတဝန်းလုံးတွင် တွေ့ရသော်လည်း အထူးသဖြင့် မြန်မာနိုင်ငံတွင် ပိုမိုထင်ရှားလာသည့် "အီမိုဂျီတုံ့ပြန်မှုများ" (emoji reactions) မြင့်တက်လာခြင်းက အားပေးကြည့်ရှုသူ လူထု၏ သဘောထားအမြင်ကို ပိုမိုအသေးစိတ် သိရှိနားလည်နိုင်စေသည်။ ဤအပိုင်းတွင် လူထု၏ ခံစားချက် သဘောထား အပြောင်းအလဲများက မီဒီယာ၊ မီဒီယာ၏ သတင်းတင်ဆက်မှုများနှင့် အာဏာသိမ်းမှုအပေါ် ရှုမြင်ချက်များအား မည်သို့ထင်ဟပ်နေသည်ကို ခွဲခြမ်းစိတ်ဖြာ တင်ပြထားပါသည်။




## ယုံကြည်စိတ်ချရသော မီဒီယာများကို "Love" (အသည်းပုံ) တုံ့ပြန်မှုများဖြင့် ဝန်းရံထောက်ခံခြင်း

လွတ်လပ်သော မီဒီယာများအပေါ်"Love" (အသည်းပုံ) တုံ့ပြန်မှုများ ပိုမိုများပြားလာခြင်းက ပြည်သူလူထု၏ ပိုမိုနှစ်သက်အားပေးမှု၊ တန်ဖိုးထားမှု၊ စိတ်ခံစားချက်ချင်း ထပ်တူကျမှုနှင့် ယုံကြည်ကိုးစားမှုတို့ကို ပြသနေသည်။ အာဏာမသိမ်းမီကာလက လွတ်လပ်သော မီဒီယာများသည် Love တုံ့ပြန်မှုအားလုံး၏ ၅၈% ကို ရရှိခဲ့ကြသည်။ ၂၀၂၆ ခုနှစ်သို့ ရောက်ရှိလာသောအခါ ယင်းပမာဏမှာ Love တုံ့ပြန်မှုအားလုံး၏ ၇၈% အထိ မြင့်တက်လာခဲ့သည်။ ဒေသတွင်းအခြေစိုက် သတင်းတင်ဆက်မှုများက ယင်းကဲ့သို့ပြောင်းလဲလာမှုအပေါ်များစွာ အထောက်အကူပြုခဲ့ပြီး ၎င်းတို့အပေါ် Love တုံ့ပြန်မှုများမှာ +၁,၉၀၁% အထိ တဟုန်ထိုး မြင့်တက်လာခဲ့သည်။ ဆန့်ကျင်ဘက်အနေဖြင့် စစ်တပ်နှင့် ဆက်နွှယ်နေသော မီဒီယာများမှာမူ ၎င်းတို့ရရှိသည့် Love တုံ့ပြန်မှု အချိုးအစားမှာ ၄၂% မှ ၂၂% အထိ ထက်ဝက်ခန့် လျော့နည်းကျဆင်းသွားခဲ့သည်။ ယင်းက လွှမ်းမိုးခြယ်လှယ်မှုကင်းကင်းဖြင့် မိမိတို့၏ သဘောထားအမြင်ကို လွတ်လပ်စွာ ဖွဲ့စည်းတည်ဆောက်ခွင့် အခွင့်အရေးကို ကျင့်သုံးလိုသည့် ဆန္ဒ ပိုမိုပြင်းပြလာခြင်းနှင့် နိုင်ငံတော်ကိုကိုယ်စားမပြုသည့် အဖွဲ့အစည်းများ (non-State actors) ၏ တရားဝင်ရပ်တည်မှုအပေါ်ပိုမိုအသိအမှတ်ပြုလာခြင်းတို့ကို ဖော်ပြနေသည်။

"Love" (အသည်းပုံ) တုံ့ပြန်မှုများ အပြောင်းအလဲဖြစ်လာခြင်းသည် နိုင်ငံရေးအရ ပါဝင်ပတ်သက်မှုအပေါ် ပြည်သူလူထု၏ ခံစားချက်သဘောထား ပြောင်းလဲလာမှုကိုလည်း ပေါ်လွင်စေသည်။ အာဏာမသိမ်းမီကာလက Love တုံ့ပြန်မှု အမြင့်မားဆုံးအချိုးအစား (၅၇%) ကို စစ်တပ်ဘက်ယိမ်းသည့် ဖျော်ဖြေရေးစာမျက်နှာများက ရရှိခဲ့ကြသည်။ ၂၀၂၆ ခုနှစ်သို့ ရောက်ရှိလာသောအခါ အဆိုပါတုံ့ပြန်မှု အများစုမှာ စစ်တပ်ကို ဆန့်ကျင်သည့် အယ်ဒီတာ့အာဘော် ရပ်တည်ချက်ရှိသော သတင်းဌာနများထံသို့သာ ဦးတည်သွားခဲ့ကြသည် (၆၆%)။ ဘက်လိုက်မှုပြင်းထန်သော မီဒီယာများအတွက် Love တုံ့ပြန်မှု မြင့်တက်လာခြင်းမှာ +၁၃၉% အထိ ရှိခဲ့ပြီး၊ ဘက်မလိုက်သော သတင်းဌာနများအတွက်မူ +၇၄% သာ ရှိခဲ့သည်။ ယင်းက ပြည်သူများအနေဖြင့် သတင်းအချက်အလက် ရယူပိုင်ခွင့်ကို ကျင့်သုံးရာတွင် ပိုမိုလေးနက်တည်ကြည်သော ခံစားချက်သဘောထားဘက်သို့ ကူးပြောင်းလာခြင်းကို ပြသနေပြီး၊ အာဏာသိမ်းမှုကြောင့် လူထု၏ လူမှုဘဝများအပေါ် မည်မျှအထိ ပြင်းထန်ဆိုးရွားသော သက်ရောက်မှု ရှိနေသည်ကို ထင်ဟပ်ဖော်ပြနေခြင်းလည်း ဖြစ်သည်။

## ရက်စက်ကြမ်းကြုတ်မှုများအပေါ် ပြည်သူလူထု၏ နာကျည်းဒေါသထွက်မှုနှင့် တုန်လှုပ်ခြောက်ခြားမှုများ ပိုမိုမြင့်တက်လာခြင်း

"ဒေါသထွက်သည့် တုံ့ပြန်မှု" (Angry Reaction) နှင့် “အံ့သြတုန်လှုပ်သည့် တုံ့ပြန်မှု” (Wow Reaction) တုံ့ပြန်မှုများ မြင့်တက်လာခြင်းက ပြည်သူလူထု သတင်းအချက်အလက်များကို ဖတ်ရှုရာတွင် ကြုံတွေ့ရသည့် မကျေနပ်ချက် ခံစားချက်သဘောထား၏ ပြောင်းလဲမှုပုံစံကို ဖော်ပြပေးနေသည်။ တုံ့ပြန်မှုအားလုံးအနက် ဒေါသထွက်ရသည့် အချိုးအစားမှာ အာဏာသိမ်းပြီးနောက်ပိုင်း ၃% မှ ၈% အထိ သုံးဆခန့် မြင့်တက်လာခဲ့သည်။ ငါးနှစ်တာကာလအတွင်း အဆိုပါတုံ့ပြန်မှုများသည် ခြုံငုံစုစုပေါင်းအနေဖြင့် +၅၂၅% အထိ မြင့်တက်လာခဲ့သော်လည်း ယင်းသို့တိုးတက်လာမှုမှာ တပြေးညီမရှိခဲ့ပေ။ ဒေါသထွက်သည့် တုံ့ပြန်မှုများသည် လွတ်လပ်သော မီဒီယာများပေါ်တွင် +၉၀၆% အထိ မြင့်တက်လာခဲ့သော်လည်း စစ်တပ်နှင့် ဆက်နွှယ်နေသော သတင်းဌာနများပေါ်တွင်မူ -၅၃% အထိ ကျဆင်းသွားခဲ့သည်။ ယင်းက စစ်တပ်၏ ဖိနှိပ်ချုပ်ခြယ်မှုများကို တုံ့ပြန်သည့်အနေဖြင့် ဆန့်ကျင်ကန့်ကွက်ပိုင်ခွင့် အခွင့်အရေးကို ကျင့်သုံးလိုသော ပြည်သူလူထု၏ ဆန္ဒ ပိုမိုပြင်းပြလာခြင်းကို ဖော်ပြနေပြီး၊ လူသားတို့၏ အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် တသီးပုဂ္ဂလ ကိုယ်ရေးကိုယ်တာအချက် အလက်လုံခြုံခွင့်များကို ချိုးဖောက်မှုအပေါ် တာဝန်ခံမှု၊ တာဝန်ယူမှုရှိရန် တောင်းဆိုလာကြခြင်းကိုလည်း ထင်ဟပ်နေသည်။

အံ့သြတုန်လှုပ်သည့် တုံ့ပြန်မှု” (Wow Reaction) အချိုးအစားမှာ ၇% မှ ၅% သို့ လျော့နည်းသွားနိုင်သော် လည်း ယင်းပမာဏမှာ သိသာထင်ရှားသည့် အခြေအနေတွင် ရှိနေဆဲဖြစ်ပြီး ပြည်သူလူထုအတွင်း တုန်လှုပ်ခြောက်ခြားနေမှုကို ဖော်ပြနေသည်။ အဆိုပါ တုံ့ပြန်မှုများသည် အံ့သြမိခြင်း၊ အလန့်တကြားဖြစ်ရခြင်းနှင့် မယုံကြည်နိုင်လောက်အောင် ဖြစ်ရခြင်းတို့ကို ကိုယ်စားပြုသည်။ ယင်းတုံ့ပြန်မှုများသည် လွတ်လပ်သော မီဒီယာများပေါ်တွင် +၇၃% အထိ မြင့်တက်လာခဲ့သော်လည်း စစ်တပ်နှင့် ဆက်နွှယ်နေသော သတင်းဌာနများအပေါ်တွင်မူ -၇၄% အထိ လျော့နည်းကျဆင်းသွားခဲ့သည်။ စစ်တပ်နှင့် ဆက်နွှယ်နေသော မီဒီယာများပေါ်တွင် “အံ့သြတုန်လှုပ်သည့် တုံ့ပြန်မှု” (Wow reaction) များ လျော့နည်းကျဆင်းသွားခြင်းက နိုင်ငံတော်အဆင့် ယုံကြည်ကိုးစားမှု လုံးဝပြိုလဲပျက်စီးသွားခြင်းကို ပြသနေပြီး၊ ခိုင်လုံစိတ်ချရသော သတင်းအချက်အလက်များကို ရယူပိုင်ခွင့်အား လိမ်လည်လှည့်ဖျားရန် ကြိုးပမ်းသည့် ဝါဒဖြန့်ချိမှုများကို ပြည်သူလူထုက လုံးဝလက်မခံဘဲ ပယ်ချလိုက်ခြင်းကိုလည်း ကိုယ်စားပြုနေသည်။

## “ဝမ်းနည်းပူဆွေးသည့် တုံ့ပြန်မှု” (Sad Face) မှတဆင့် စုပေါင်းရင်ဆိုင်ရသော လူထုသောက

ဝမ်းနည်းပူဆွေးသည့် တုံ့ပြန်မှု” (Sad Face) များ မြင့်တက်လာခြင်းသည် ပြည်သူလူထုတရပ်လုံး၏ စုပေါင်းဝမ်းနည်းပူဆွေးမှု ပိုမိုတိုးပွားလာခြင်းကို ပြသနေသည်။ အာဏာသိမ်းပြီးနောက်ပိုင်းတွင် ခြုံငုံစုစုပေါင်းအနေဖြင့် ဝမ်းနည်းပူဆွေးသည့် တုံ့ပြန်မှုများမှာ +၃၆၅% အထိ မြင့်တက်လာခဲ့ပြီး ယင်းခံစားချက်သဘောထားများ၏ ၉၈% မှာ လွတ်လပ်သော မီဒီယာများ၏အကြောင်းအရာများအပေါ်တွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ လူ့

အခွင့်အရေး ချိုးဖောက်မှုများကို အသေးစိတ် အလေးပေးတင်ဆက်လေ့ရှိသည့် ဒေသတွင်းအခြေစိုက် မီဒီယာများ၏ သတင်းအကြောင်းအရာအား ဝမ်းနည်းပူဆွေးသည့် တုံ့ပြန်မှုများ ပေးခြင်းမှာ +၁,၅၀၆% အထိ မြင့်တက်လာခဲ့သည်။ ထို့အတူ တော်လှန်ရေးအင်အားစုဘက်ယိမ်းသည့် အယ်ဒီတာ့အာဘော် ရပ်တည်ချက်ရှိသော မီဒီယာဌာနများတွင်လည်း အဆိုပါတုံ့ပြန်မှု +၆၇၀% အထိ မြင့်တက်လာခဲ့သည်။ စစ်တပ်နှင့် ဆက်နွယ်နေသော မီဒီယာများ၏ ပို့စ်များပေါ်တွင် ဝမ်းနည်းပူဆွေးသည့် တုံ့ပြန်မှုပေးခြင်းမှာ အချိုးအစားမှာ (၂% ရှိပြီး) အလွန်နည်းပါးလှသည်။ ယခုကဲ့သို့ ပြည်သူလူထုတစ်ရပ်လုံး၏ စုပေါင်းဝမ်းနည်းပူဆွေးမှု မြင့်တက်လာခြင်းသည် အများပြည်သူ၏ မှတ်ဉာဏ်ကို မပျောက်ပျက်အောင် ထိန်းသိမ်းပေးရာရောက်ရုံမျှမက၊ စစ်တပ်၏ လူ့အခွင့်အရေး ချိုးဖောက်မှုကို ခံခဲ့ရပြီး မိမိတို့၏ အခြေခံရပိုင်ခွင့်များ ဆုံးရှုံးခဲ့ရသူများ၏ လူ့ဂုဏ်သိက္ခာကို ပိုမိုခိုင်မာလေးနက်စေပါသည်။

### လွတ်လပ်သောမီဒီယာများ၏ စစ်မှန်မှုကို နှောင့်ယှက်ဖျက်ဆီးရန် "ရယ်မောသည့်တုံ့ပြန်မှု" (Haha Reaction) ကို အသုံးပြုခြင်း

"ရယ်မောသည့် တုံ့ပြန်မှု" (Haha Reaction) သည် ဟာသဖြစ်၍ ရယ်မောခြင်းကို ဖော်ပြသည့် နည်းလမ်းတခု ဖြစ်မလာတော့ဘဲ လွတ်လပ်သော မီဒီယာများ၏ သတင်းစာပညာ လုပ်ငန်းများကို ရည်ရွယ်ချက်ရှိရှိ "နှောင့်ယှက်ဖျက်ဆီးရန်" (trolling) အသုံးချသည့် လက်နက်တစ်ခု ဖြစ်လာခဲ့သည်။ ယင်းကို အသုံးပြုမှုမှာ အာဏာသိမ်းပြီးနောက်ပိုင်း +၁၁၇% အထိ မြင့်တက်လာခဲ့ပြီး၊ လွတ်လပ်သော မီဒီယာများ၏ ပို့စ်များပေါ်တွင်သာ လုံးဝနီးပါး တွေ့ရှိရသည်။ ၂၀၂၆ ခုနှစ်တွင် လွတ်လပ်သော မီဒီယာများ၏ ပို့စ်များပေါ်၌ တလလျှင် ရယ်မောသည့် တုံ့ပြန်မှု (Haha reactions) ပေါင်း ၂ သန်းကျော် ရှိခဲ့ပြီး နိုင်ငံပိုင် သတင်းဌာနများတွင်မူ ၇,၀၀၀ ခန့်သာ ရှိခဲ့သည်။ ယခုကဲ့သို့ စိတ်မကောင်းစရာ ကိစ္စရပ်များကို အလေးအနက် တင်ဆက်ထားသည့် သတင်းများပေါ်တွင် လာရောက်ရယ်မောခြင်းသည် ခပ်ရွဲ့ရွဲ့ ဟာသလုပ်ခြင်း၊ သို့မဟုတ် မီဒီယာများကို ရန်စနှောင့်ယှက်ခြင်းနှင့် လှောင်ပြောင်ခြင်း ပြုလုပ်ရန် ကြိုးပမ်းခြင်း ဖြစ်သည်။ ယင်းလုပ်ရပ်သည် နှောင့်ယှက်ဖျက်ဆီးခံရမည့် ဘေးအန္တရာယ်ကို ကြောက်ရွံ့စိုးရိမ်ခြင်းမရှိဘဲ သတင်းအချက်အလက်များကို လွတ်လပ်စွာ မျှဝေဖြန့်ချိခွင့်ရှိသည်ဟူသော မီဒီယာအခွင့်အရေးကို နှောင့်ယှက်စွက်ဖက်ရန် ရည်ရွယ်ခြင်း ဖြစ်သည်။

ဤကဲ့သို့ ရည်ရွယ်ချက်ရှိရှိ နှောင့်ယှက်ဖျက်ဆီးမှုများသည် ဒေသတွင်းအခြေစိုက် မီဒီယာများတွင် အပြင်းထန်ဆုံးဖြစ်ခဲ့ပြီး ထိုမီဒီယာများ၌ ရယ်မောသည့် တုံ့ပြန်မှုများမှာ +၈၅၃% အထိ မြင့်တက်လာခဲ့သည်။ စစ်တပ်ကို ဆန့်ကျင်သည့် အယ်ဒီတာ့အာဘော် ရပ်တည်ချက်ရှိသော မီဒီယာဌာနများတွင်လည်း ယင်းတုံ့ပြန်မှု +၂၈၉% အထိ မြင့်တက်လာခဲ့သော်လည်း စစ်တပ်လိုလားသော မီဒီယာများတွင်မူ -၄၉% အထိ လျော့နည်းကျဆင်းသွားခဲ့သည်။ဤကဲ့သို့ ကွာဟချက် ကြီးမားနေခြင်းသည် ပဋိပက္ခပြင်းထန်ရာ ဒေသများတွင် အန္တရာယ်နှင့် အနီးစပ်ဆုံး ဖြစ်နေရသည့် သတင်းထောက်များ၏ လွတ်လပ်စွာ ဖော်ထုတ်ပြောဆိုခွင့်ကို စိတ်ဓာတ်ရေးရာအရ ပျက်ပြားသွားစေရန် စနစ်တကျ အကွက်ချ စီစဉ်လုပ်ဆောင်နေခြင်းကို ညွှန်ပြနေသည်။

# နိဂုံး

စစ်တပ်၏ ကန့်သတ်ပိတ်ပင်မှုများသည် မီဒီယာများထံမှ ပြည်သူလူထုထံသို့ သတင်းအချက်အလက် စီးဆင်းမှုကို ဟန့်တားရုံမျှမကဘဲ ပွင့်လင်းမြင်သာပြီး အားလုံးပါဝင်နိုင်သည့် ဒစ်ဂျစ်တယ်လူထုရင်ပြင်တခု ဖြစ်ပေါ်လာရန် မရှိမဖြစ်လိုအပ်သည့် အခြေအနေများကို အခြေခံအုတ်မြစ်ကစ၍ ပျက်စီးယိုယွင်းစေခဲ့ သည်။မီဒီယာများကို ဖတ်ရှုလေ့လာနိုင်ခွင့်အတွက် ကုန်ကျစရိတ် ပိုမိုများပြားလာစေခြင်း၊ ဘေးအန္တရာယ် ပိုမိုကြီးမားလာခြင်းနှင့် နည်းပညာပိုင်းဆိုင်ရာ အခက်အခဲများ ပိုမိုရှိလာခြင်းတို့သည် ဆင်းရဲနွမ်းပါးပြီး လူဦးရေနည်းပါးသည့်၊ သို့မဟုတ် ဘေးဖယ်ထားခံရသည့် လူ့အဖွဲ့အစည်းများကို ပိုမိုအချိုးအစားမမျှတစွာ ဖိနှိပ်ဖယ်ထုတ်ပစ်ရာ ရောက်နေသည်။ ယင်းက သတင်းအချက်အလက် ရယူပိုင်ခွင့်ဆိုင်ရာ မညီမျှမှုများကို ပိုမိုနက်ရှိုင်းလာစေပြီး အခြေခံရပိုင်ခွင့်များအား ခံစားကျင့်သုံးနိုင်စွမ်းကိုလည်း အားနည်းသွားစေသည်။

တချိန်တည်းမှာပင် ယခုကဲ့သို့ ဖိနှိပ်ချုပ်ချယ်မှုများသည် စစ်ကောင်စီအတွက် တရားဝင်မှု ရရှိလာစေရန် ပြောင်းလဲပေးနိုင်ခြင်းတော့ မရှိခဲ့ပေ။ ပြည်သူလူထုအနေဖြင့် လွတ်လပ်သော မီဒီယာများနှင့် ဆက်လက်ထိ တွေ့ချိတ်ဆက်နေခြင်း၊ စစ်တပ်နှင့် ဆက်နွှယ်နေသော ဝါဒဖြန့်ချိမှုများကို ငြင်းပယ်ခြင်းတို့သည် ယုံကြည်စိတ် ချရသော သတင်းထုတ်ပြန်ချက်များက ပြည်သူတို့၏ ဒီမိုကရေစီနည်းကျ ကြံ့ကြံ့ခံနိုင်စွမ်းကို ရေရှည်ထိန်း သိမ်းထားရေးတွင် မည်မျှအထိ အရေးပါနေဆဲဖြစ်ကြောင်း သက်သေပြနေသည်။ သို့သော်လည်း ယခုကဲ့သို့ ကြံ့ကြံ့ခံနိုင်စွမ်းသည် နေရာအနှံ့အပြားတွင် ပိုက်စိပ်တိုက် စောင့်ကြည့်ထောက်လှမ်းခံရမှုများကြောင့် စိန်ခေါ် စမ်းသပ်ခံနေရသည်။ ထိုသို့ စောင့်ကြည့်ခံရမှုများကြောင့် အများပြည်သူဆိုင်ရာ ဆွေးနွေးငြင်းခုံမှုများတွင် ပွင့်ပွင့်လင်းလင်း ပါဝင်ခွင့်ကို လျော့ပါးကျဆင်းစေခဲ့ပြီး လှုပ်ရှားမှုအသွင်သဏ္ဌာန် အတော်များများကိုလည်း ပိုမိုတိတ်ဆိတ်၍ လူမြင်နည်းသော အသံတိတ် တော်လှန်ဆန့်ကျင်မှုများအဖြစ်သို့ ပြောင်းလဲလုပ်ဆောင်ရန် တွန်းအားပေးခံနေရသည်။

ရေရှည်ကြုံတွေ့ရနိုင်သည့် ဘေးအန္တရာယ်မှာ ယခုကဲ့သို့ ဖိနှိပ်ချုပ်ချယ်ထားသော သတင်းအချက်အလက် ပတ်ဝန်းကျင်သည် လက်ရှိကာလတွင် ထုတ်ဖော်ပြောဆိုခွင့်များကို လည်ပင်းညှစ် ပိတ်ပင်ထားရုံမျှမကဘဲ၊ နောင်အနာဂတ်တွင် ပြန်လည်ကုစားရန် ခက်ခဲမည့် နည်းလမ်းမျိုးစုံဖြင့် အများပြည်သူဆိုင်ရာ ဆွေးနွေးတင်ပြ မှု အခင်းအကျင်းကိုပါ ပုံဖော်ပြောင်းလဲပစ်လိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သတင်းဖတ်ရှုသူပြည်သူလူထု သည် ပိုမိုပြင်းထန်လာသည့် တဖက်မဟုတ် တဖက် ဘက်စွဲမှုများနှင့် အယ်လ်ဂိုရစ်သမ်အရ သီးခြားစီ ခွဲထုတ် ပိတ်လှောင်ထားသည့် ဒစ်ဂျစ်တယ် အဝန်းအဝိုင်းများအတွင်းသို့ အစိတ်စိတ်အမြွှာမြွှာ ကွဲလွင့်သွားကြသော ကြောင့် ဖြစ်သည်။ ယင်းအခြေအနေသည် အပြန်အလှန် နားလည်မှုရှိရေး၊ အားလုံးပါဝင်နိုင်သည့် ဆွေးနွေးပွဲ များ ပေါ်ပေါက်လာရေးနှင့် နောင်အနာဂတ်တွင် ဒီမိုကရေစီနည်းကျ ပြန်လည်သင့်မြတ်ရေးတို့အတွက် မျှော်လင့်ချက်များအတွက် အင်မတန်အန္တရာယ်ကြီးမားလှပါသည်။

သတင်းအချက်အလက်အပေါ် စစ်တပ်၏ ထိန်းချုပ်ပိတ်ပင်မှုများသည် သာမန် သတင်းဆင်ဆာဖြတ်တောက်ရန် သက်သက်မျှသာမဟုတ်ဘဲ၊ လူထု ဆွေးနွေးငြင်းခုန်အဖြေရှာရာရပ်ဝန်း၏ ပုံသဏ္ဍာန်တခုလုံးကိုပါ အခြေခံကစ၍ ပြောင်းလဲပြင်ဆင်ရန် အသုံးချနေခြင်းဖြစ်ပြီး၊ ပိုမိုကျယ်ပြန့်သော လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကို ဤအချက်က ညွှန်ပြနေသည်။ ထို့ကြောင့် လွတ်လပ်သော မီဒီယာများကို ဖတ်ရှုလေ့လာနိုင်ခွင့်၊ တသီးပုဂ္ဂလ ကိုယ်ရေးကိုယ်တာအချက်အလက်လုံခြုံခွင့်နှင့် ဘေးကင်းလုံခြုံစွာဖြင့် လူထုလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ကာကွယ်စောင့်ရှောက်ပေးခြင်းက လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အတွက်သာမက၊ နောင်အနာဂတ်တွင် ဒီမိုကရေစီစနစ် ပြန်လည်ဦးမော့လာစေရေးအတွက်ပါ မရှိမဖြစ် လိုအပ်လှပါသည်။

## အကြံပြုချက်များ

- နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေအရ လိုက်နာစောင့်ထိန်းရမည့် စစ်တပ်၏ တာဝန်ဝတ္တရားများနှင့် ညီညွတ်စေရန်အတွက် **စစ်တပ်အနေဖြင့်** ပြည်သူလူထု၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက် ရယူပိုင်ခွင့်တို့ကို ချက်ချင်း ပြန်လည်ပေးအပ်ရမည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန်အတွက် အင်တာနက် ဖြတ်တောက်မှုများနှင့် ပိတ်ပင်ကန့်သတ်မှုများကို ခြွင်းချက်မရှိ ချက်ချင်းရပ်ဆိုင်းရန်၊ ဒေတာအခွန် တိုးမြှင့်ကောက်ခံမှုများကို ပယ်ဖျက်ရန်၊ စောင့်ကြည့်ထောက်လှမ်းမှုများမှတစ်ဆင့် သတင်းစာပညာ လုပ်ငန်းများနှင့် ဒစ်ဂျစ်တယ်ပိတ်ဆို့မှုများကို ကျော်ဖြတ်သည့် နည်းပညာသုံး ကိရိယာများ အသုံးပြုမှုကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ဖိနှိပ်နေခြင်းမှ ရပ်တန့်ရန် လိုအပ်သည်။ မိမိတို့၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးမှုကြောင့် ဖမ်းဆီးထိန်းသိမ်းခံထားရသည့် သတင်းထောက် အားလုံးကိုလည်း ချက်ချင်းပြန်လွှတ်ပေးရမည်ဖြစ်ပြီး ထိုက်တန်သည့် နစ်နာကြေးများ ပေးလျော်ရမည်။
- စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ လမ်းညွှန်အခြေခံမူများ (UNGPs) နှင့်အညီ Facebook အပါအဝင် **နည်းပညာကုမ္ပဏီများ**သည် ခိုင်လုံမှုရှိကြောင်း စစ်ဆေးအတည်ပြုထားသည့် သတင်းများကို ဦးစားပေးအဆင့် လျှော့ချပစ်နေသည့် ၎င်းတို့၏ အယ်လ်ဂိုရစ်သမ် မူဘောင်များကို အရေးပေါ် စစ်ဆေးခြင်းနှင့် အကြီးစား ပြင်ဆင်ပြောင်းလဲခြင်းများ ပြုလုပ်သင့်သည်။ နည်းပညာကုမ္ပဏီများအနေဖြင့် မိမိတို့၏ အယ်လ်ဂိုရစ်သမ်များသည် လွတ်လပ်သော မီဒီယာများကို "လူမမြင်အောင် ပိတ်ပင်ထားခြင်း"၊ သို့မဟုတ် မြင်တွေ့နိုင်စွမ်း အဆင့်အတန်းကို တမင်လျှော့ချပစ်ခြင်းများ မပြုလုပ်မိစေရန် မဖြစ်မနေ အာမခံရမည်။
- **နိုင်ငံတကာ အသိုက်အဝန်းနှင့် အလှူရှင်များ**အနေဖြင့် ပြည်ပအခြေစိုက် မီဒီယာများနှင့် တိုင်းရင်းသားဒေသအခြေစိုက် မီဒီယာများအတွက် ရေရှည်တည်တံ့ပြီး အခြေအနေအရ လိုက်လျောညီထွေ ပြောင်းလဲအသုံးပြုနိုင်မည့် ပံ့ပိုးကူညီမှုပုံစံများကို ဦးစားပေး လုပ်ဆောင်သင့်သည်။ ထို့အပြင် စစ်တပ်၏ ဒစ်ဂျစ်

တယ် ဖိနှိပ်မှုများကို နောက်ကွယ်မှ အကွက်ချ စီစဉ်ပေးနေပြီး ပံ့ပိုးကူညီနေသော နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများနှင့် အဖွဲ့အစည်းများကိုလည်း ပြင်းထန်ထိရောက်သည့် ပိတ်ဆို့အရေးယူမှုများ ချမှတ်လုပ်ဆောင်ရမည်။

- လွတ်လပ်သော **မီဒီယာများနှင့် အရပ်ဘက်အဖွဲ့အစည်းများ**သည် ယခုတွေ့ရှိချက်များကို အသုံးချ၍ အယ်လ်ဂိုရစ်သမ်အရ သီးခြားစီ ခွဲထုတ်ပိတ်လှောင်ထားသည့် (သတင်းအချက်အလက်) အဝန်းအဝိုင်းများကို တွန်းလှန်နိုင်မည့် အယ်ဒီတာ့အာဘော်နှင့် သတင်းဖြန့်ချိရေး မဟာဗျူဟာများကို အကောင်းဆုံးဖြစ်အောင် မြှင့်တင်နိုင်လိမ့်မည်။ ယင်းသည် အဘက်ဘက်မှ စောင့်ကြည့်ထောက်လှမ်းမှုများ ပြင်းထန်နေသည့် ကြားမှပင် ပြည်သူလူထုထံသို့ တိကျမှန်ကန်သော သတင်းအချက်အလက်များ ပေးအပ်ရန်နှင့် သတင်းပရိတ်သတ်၏ ရပိုင်ခွင့်ဖြစ်သည့် သတင်းအချက်အလက်စုံလင်သည့် ပတ်ဝန်းကျင်အား ကာကွယ်စောင့်ရှောက်ရန်ဟူသော ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရာ ရောက်ရှိပေလိမ့်မည်။

This project was delivered with the support of an international donor organisation that has chosen to remain anonymous for risk management purposes.